# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# ဒသမနေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်

## (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)

## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀း၀၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး ရှိတဲ့အနက် ၃၉၀ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၀.၉၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၉-၁-၂၀၁၃ ရက်နေ့မှာ ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များ အနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၉ ဦးအနက် တက်ရောက်တဲ့ဦးရေ ၃၉၀ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၃၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၃၉ ဦးအနက် ၂၇ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ချမ်းမြသာစည်မဲဆန္ဒနယ် ဦးတင်မောင် ခွင့် ၄ ရက်၊

(၂) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၄ ရက်၊

(၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးသော်ဇင် ခွင့် ၄ ရက်၊

(၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးငွေစိုး ခွင့် ၁ ရက်၊

(၅) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ် ခွင့် ၁ ရက်၊

(၆) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊

(၇) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၁ ရက်၊

(၈) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၁ ရက်၊

(၉) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ခွင့် ၁ ရက်၊

(၁၀) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၄ ရက်၊

(၁၁) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်၊

(၁၂) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက် ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယနေ့ ခွင့်ပန်ကြားသူ ၁၂ ဦးအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၂ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၃၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်းခြေ ကယ်လီဖိုးနီးယားပြည်နယ်တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတစ်ရုံး ဖွင့်လှစ်ပေးရန်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ ။** ။ ဦးစွာ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးလှမြင့်ဦး မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးလှမြင့်ဦး(ပျဉ်းမနားမဲဆန္ဒနယ်) ။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ဒီနေ့ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်းခြေ ကယ်လီဖိုးနီးယားပြည်နယ်မှာ မြန်မာကောင်စစ်ဝန်ရုံး ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ပတ်သက်ပြီး မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ တိုးချဲ့ဆောင်ရွက်နေတဲ့အခါ ကျွန်တော်တို့နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေခွင့်ပြုချက်အရ သံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများကို တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့မြန်မာနိုင်ငံသား အများစုနေထိုင်ကြတဲ့ အမေရိကန်ပြည်ထောင်စုမှာဆိုရင် ကျွန်တော်တို့ အမေရိကန်နိုင်ငံရဲ့ အရှေ့ဘက်ကမ်းခြေ ဝါရှင်တန်မြို့မှာ မြန်မာသံရုံး၊ နောက်ပြီးတော့ နယူးယောက်မြို့မှာ ကျွန်တော်တို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနဲ့ တွဲဖက်ပြီးတော့ ကောင်စစ်ဝန်ချုပ်ရုံး တစ်ရုံးရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ ပြည်နယ်အသီးသီးက အများစုဟာ ဝါရှင်တန်သံရုံးနှင့် ဆက်သွယ်ဆောင်ရွက်ရပြီးနောက် နယူးယောက်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကတော့ အရှေ့ဘက်ကမ်းခြေမှာရှိတဲ့ ပြည်နယ်သုံးခုအတွက် ကောင်စစ်ကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ အမေရိကန်ပြည်ထောင်စုရဲ့ အနောက်ဘက်ကမ်းခြေ ဖြစ်တဲ့ လော့စ်အိန်ဂျလိစ်နဲ့ ဆန်ဖရန်စစ္စကိုမှာဆိုလို့ရှိရင် မြန်မာနိုင်ငံသားအများစုနေထိုင်ပါတယ်။ ဒီမှာရှိတဲ့ မြန်မာနိုင်ငံသားအများစု အနေနဲ့ ၄င်းတို့ရဲ့ နိုင်ငံကူးလက်မှတ်ကိစ္စ၊ ကောင်စစ်ရေးရာကိစ္စ၊

အခွန်ပေးဆောင်ခြင်းကိစ္စစသည်တို့မှာ ကျွန်တော်တို့ ဝါရှင်တန်မြို့ မြန်မာသံရုံးကို ပေးပို့ပြီးတော့ ဆောင်ရွက်နေရပါတယ်။ ဝါရှင်တန်နဲ့ အနောက်ဘက်ကမ်းခြေဟာ ဆိုလို့ရှိရင် စံတော်ချိန်အားဖြင့် ၃ နာရီကွာခြားပြီးတော့ ခရီးအင်မတန် အလှမ်းဝေးတဲ့နိုင်ငံဖြစ်ပါတယ်။ အဲတော့ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ နိုင်ငံကူးလက်မှတ်ကိစ္စဆောင်ရွက်တဲ့နေရာမှာ အနောက်ဘက်ကမ်းခြေကနေ အရှေ့ဘက်ကမ်းခြေပို့ဖို့ အချိန်ယူဆောင်ရွက်ရသလို အနောက်ဘက်ကမ်းခြေမှာရှိတဲ့ ကျွန်တော်တို့ အမေရိကန်နိုင်ငံမှာရှိတဲ့ နိုင်ငံခြားသားတွေ မြန်မာပြည်ကို လာချင်လို့ရှိရင်လည်း ဗီဇာကိစ္စဆိုလို့ရှိရင် ကျွန်တော်တို့ ဝါရှင်တန်သံရုံးကို ပေးပို့ပြီးတော့ ဆောင်ရွက်ရပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အချိန်မီဆောင်ရွက်နိုင်တဲ့ ကိစ္စများရှိသလို အချို့အရေးပေါ်ကိစ္စတွေမှာတော့ဖြင့် ကျွန်တော်တို့ သိပ်အဆင်မပြေလှဘူးလို့ သိရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ အနောက်ဘက်ကမ်းခြေမှာရှိတဲ့ မြန်မာနိုင်ငံသားများ မြန်မာနိုင်ငံနှင့် ဆက်သွယ်ဆောင်ရွက်နေတဲ့ နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းရှင်များ စသည့်ပုဂ္ဂိုလ်များဟာ ကျွန်တော်တို့ အနောက်ဘက်ကမ်းခြေမှာ ကောင်စစ်ဝန်ချုပ်ရုံးတစ်ရုံး ဖွင့်လှစ်ပေးဖို့ လိုလားနေကြပါတယ်။ ဒီလိုလိုလားနေကြကြောင်းကိုလည်း ကျွန်တော်တို့ သိရှိရပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်းခြေမှာ ကောင်စစ်ဝန်ချုပ်ရုံး တစ်ရုံးဖွင့်လှစ်ပေးနိုင်ခြင်းရှိ၊ မရှိ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုဝန်ကြီးဌာနကဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံခြားရေးမူဝါဒနှင့်အညီ နိုင်ငံတကာဆက်ဆံရေးများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပနိုင်ငံများတွင် မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ စုစုပေါင်း ၄၀ ရုံးဖွင့်လှစ်ထားရှိပြီးအောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။

(က) လက်ခံသည့်နိုင်ငံတွင် မိမိနိုင်ငံကို ကိုယ်စားပြုခြင်း။

(ခ) လက်ခံသည့်နိုင်ငံတွင် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့၏ အကျိုးသက်ဆိုင်ခွင့်များကို အပြည်ပြည်ဆိုင်ရာဥပဒေက ခွင့်ပြုထားသည့်အကန့်အသတ်အတွင်း ကာကွယ် စောင့်ရှောက်ခြင်း။

(ဂ) လက်ခံသည့်နိုင်ငံ၊ အစိုးရနှင့် စေ့စပ်ဆွေးနွေးခြင်း။

(ဃ) လက်ခံသည့်နိုင်ငံရှိ အခြေအနေများနှင့် အဖြစ်အပျက်များကို သိရှိအောင် တရား သောနည်းလမ်းများဖြင့် လေ့လာစုံစမ်းခြင်းနှင့် ယင်းတို့နှင့် စပ်လျဉ်း၍ မိမိနိုင်ငံ အစိုးရထံ အစီရင်ခံတင်ပြခြင်း။

(င) မိမိနိုင်ငံနှင့် လက်ခံသည့်နိုင်ငံအချင်းချင်း ချစ်ကြည်စွာ ဆက်ဆံရေးကို တိုးတက် ကောင်းမွန်စေရန် ဆောင်ရွက်ခြင်းနှင့် ယင်းတို့၏ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် သိပ္ပံ နည်းပညာတို့ဆိုင်ရာ ဆက်ဆံရေးများကိုလည်း ဖွံ့ဖြိုးထွန်းကားစေရန် ဆောင်ရွက်ခြင်း တို့ပဲဖြစ်ပါတယ်။

အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့၌ မြန်မာသံရုံးနှင့် နယူးယောက်မြို့၌ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးတို့ ဖွင့်လှစ်ထားရှိပြီး အမေရိကန်နိုင်ငံအပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ် ကျူးဘားသမ္မတနိုင်ငံနှင့် မက္ကစီကို ပြည်ထောင်စုနိုင်ငံများကိုပါ ပူးတွဲတာဝန်ယူဆောင်ရွက်လျက် ရှိပါ တယ်။ သမိုင်းကြောင်းကိုလေ့လာကြည့်မယ်ဆိုပါက အမေရိကန်ပြည်ထောင်စုကို ပထမဆုံး သွား ရောက်ခဲ့တဲ့ မြန်မာနိုင်ငံသားဟာ မောင်ချောလူးဖြစ်ပြီး ၁၈၅၈ ခုနှစ်မှာ ပင်ဆဲလ်ဗေးနီးယားမြို့ လီဝစ်စ်ဗတ်ဂ်တက္ကသိုလ် (ယခု ဘတ်က်နေးလ်တက္ကသိုလ်) သို့ တက်ရောက်ခဲ့ပြီး ၁၈၆၇ ခုနှစ်မှာ ဆေးပညာဘွဲ့ရရှိပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရှိရပါတယ်။ ၁၉၆၂ ခုနှစ် နောက်ပိုင်းမှာတော့ မြန်မာလူမျိုးများ အမေရိကန်နိုင်ငံကို ပိုမိုရောက်ရှိလာခဲ့ ပြီး ၁၉၇၇ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း မြန်မာလူမျိုး ၂၅၂၂၉ ဦးရောက်ရှိနေထိုင်ခဲ့ကြောင်း သိရှိရပါတယ်။ အမေရိကန် နိုင်ငံရောက် မြန်မာလူမျိုးများ၏ အရေအတွက်ဟာ တဖြည်းဖြည်းမြင့်တက်လာခဲ့ပြီး ၂၀၁၀ ပြည့်နှစ် မှာတော့ ယခင်မှတ်တမ်းများထက် ၄၉၉ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ကြောင်း သိရှိရပါတယ်။ အမေရိကန်ပြည်ထောင်စု၏ ၂၀၁၀ ပြည့်နှစ်သန်းခေါင်စာရင်းအရ တစ်နိုင်ငံလုံးရှိ လူဦးရေ စုစုပေါင်း မှာ ၃၀၈၇၄၅၅၃၈ ဦး ဖြစ်ပြီး ယင်းအနက် အာရှနွယ်ဖွားအမေရိကန် ဦးရေမှာ ၁၇၃၂၀၈၅၆ ဖြင့်

လူဦးရေစုစုပေါင်း၏ ၆ ရာခိုင်နှုန်းဖြစ်ပါတယ်။ မြန်မာနွယ်ဖွားအမေရိကန်ဦးရေမှာ ၁၀၀၂၀၀ ဖြင့် လူဦးရေ စုစုပေါင်း၏ ၀.၀၃၂ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါတယ်။

အမေရိကန်ပြည်ထောင်စု အနောက်ဘက်ကမ်းခြေ ကယ်လီဖိုးနီးယား ပြည်နယ်တွင် နေထိုင်သည့်မြန်မာနွယ်ဖွား အမေရိကန်ဦးရေဟာ ၁၇၉၇၈ ဦးရှိပြီး၊ အမေရိကန် ပြည်ထောင်စုရှိ မြန်မာနွယ်ဖွားအမေရိကန်ဦးရေစုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းဖြင့် မြန်မာနွယ်ဖွားအမေရိကန် အများဆုံး နေထိုင်သည့်ပြည်နယ်ဖြစ်ကြောင်း သိရှိရပါတယ်။ အလားတူ အမေရိကန်ပြည်ထောင်စုတွင် မြန်မာနွယ်ဖွားအမေရိကန်အများစုဟာ အင်ဒီရားနား၊ ဗာဂျီးနီးယား၊ မေရီလင်း၊ အီလီနွိုက်စ်နှင့် အိုဟိုင်းယိုးပြည်နယ်များတွင် နေထိုင်ကြပြီး မြို့ကြီးများအနေဖြင့် လော့စ်အိန်ဂျလိစ်၊ ဆန်ဖရန်စစ္စကို၊ နယူးယောက်နှင့် ဝါရှင်တန် ဒီစီမြို့ကြီးများမှာ နေထိုင်ကြကြောင်း သိရှိရပါတယ်။ လက်ရှိအားဖြင့် အမေရိကန်ပြည်ထောင်စုတွင် မြန်မာနိုင်ငံသားများသည် Machine Readable Passport (MRP) နိုင်ငံကူးလက်မှတ်များ ပြောင်းလဲကိုင်ဆောင်လာရေးအတွက် လျှောက်ထားလျက်ရှိရာ မြန်မာသံရုံး၊ ဝါရှင်တန်ဒီစီမြို့မှ ၂၀၁၀ ပြည့်နှစ် ဇွန်လ ၇ ရက်နေ့မှ ယနေ့အထိ မြန်မာနိုင်ငံသား ၃၃၆၆ ဦးအား (MRP) နိုင်ငံကူးလက်မှတ်များထုတ်ပေးခဲ့ပြီး ယင်းထုတ်ပေးခဲ့သူများ အနက် ၁၂၀၀ ဦးခန့်မှာ ကယ်လီဖိုးနီးယားပြည်နယ်တွင် နေထိုင်သည့် မြန်မာနိုင်ငံသားများဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်ရှိ မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သည့် မြန်မာနိုင်ငံသားများ၏အကျိုးကို အပြည်ပြည်ဆိုင်ရာ ဥပဒေကခွင့်ပြုထားသည့် အကန့်အသတ်အတွင်း ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးနှင့် မြန်မာနွယ်ဖွားအမေရိကန်များ၏ အကျိုးကိစ္စများနှင့် ပတ်သက်ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတစ်ရုံး ဖွင့်လှစ်သွားနိုင်ရေးအား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်လာမှုနှင့် မိမိနိုင်ငံတော်၏ ဘဏ္ဍာရေး အခြေအနေအပေါ် မူတည်ပြီး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**သေဒဏ်ထိုက်သင့်သော ပြစ်မှုအတွက် တရားခံများဘက်မှ လိုက်ပါဆောင်ရွက်ရန် ရှေ့နေငွေရမ်းခစရိတ်အား တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် သေဒဏ်တစ်သက်တစ်ကျွန်းဒဏ် ပြစ်ဒဏ်ခံနေရသော တရားခံများအတွက် ရှေ့နေငှားရမ်းခနှင့် ပတ်သက်၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သေဒဏ်တစ်သက်တစ်ကျွန်းဒဏ်ခံနေရသော စွပ်စွဲခံရသူ တရားခံများအတွက် တရားမျှတမှုရှိစေရန်အတွက် နိုင်ငံတော်ကနေပြီးတော့ ဆင်းရဲနွမ်းပါးတဲ့ တရားခံတွေအတွက် နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေငှားရမ်းပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ထုချေခွင့်ပေးတယ်။ အဲဒီလို ပေးတဲ့နေရာမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ ၁/၂၀၀၁ ညွှန်ကြားချက်အရ ပထမဦးဆုံး ကိုယ်စားလှယ် လွှဲစာတင်တဲ့နေ့မှာဆိုလို့ရှိရင် ၇၅ ကျပ်သတ်မှတ်ထားပြီးတော့ ကျန်တဲ့ ရုံးချိန်းတိုင်းမှာ ရှေ့နေလိုက်ခအဖြစ် တစ်ချိန်းကို ၅၀ ကျပ်အဖြစ် သတ်မှတ်ထားတာကိုတွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ယနေ့အခါမှာဆိုလို့ရှိရင် နိုင်ငံတော်ကနေပြီးတော့ ရုံးခွန်တံဆိပ်ခေါင်းတွေကို အဆတစ်ရာခန့် တိုးမြှင့်သတ်မှတ်ပေးပြီးလည်းဖြစ်ပါတယ်။ ယနေ့ တရားခွင်မှာတရားခံများအတွက် လိုက်ပါဆောင်ရွက်ရတဲ့ ရှေ့နေအတွက် ငှားရမ်းခကို ၅၀ ကျပ် သတ်မှတ်ထားခြင်းဟာ ယနေ့ခေတ်ကာလမှာ အလုပ်ကြမ်းသမားများ တစ်နေ့ကို ၃၀၀၀၊ ၅၀၀၀ ရတဲ့အချိန်မှာ တစ်နေ့ရုံးချိန်းအနေနဲ့ ၅၀ ကျပ်ပေးခြင်းဟာ ယနေ့ခေတ်ကာလနဲ့ အလွန်ကွာခြားနေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ဥပဒေပညာရှင်များအတွက်လည်း ဒီငွေကြေးဟာဆိုလို့ရှိရင် အင်မတန်မှ နည်းပါးနေတဲ့အတွက် မဖြစ်သင့်မဖြစ်ထိုက်ပါ။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ နိုင်ငံတော် ရှေ့နေချုပ်ရုံးအတွက်က မရှိနွမ်းပါးတရားခံများအတွက် သေဒဏ်တစ်သက်တစ်ကျွန်းဒဏ် ကျခံနေရတဲ့ တရားခံများအတွက် တရားမျှတမှုရှိစေရန် နိုင်ငံတော်ကနေပြီးတော့ ငှားရမ်းပေးတဲ့ ရှေ့နေခကို တိုးမြှင့်သတ်မှတ်ပေးဖို့ အစီအစဉ်ရှိ၊မရှိ သိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြစေဖို့ ကျွန်တော် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက လေးစားစွာဖြင့် နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့်ရဲ့ သေဒဏ်ထိုက်သင့်တဲ့ပြစ်မှုအဖြစ် စွပ်စွဲခံရတဲ့ဆင်းရဲနွမ်းပါးသူ တရားခံများအတွက် ရှေ့နေငွေရမ်းခစရိတ်ကို တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ မည်သည့်အချိန်တွင် တိုးမြှင့်ပေးမည် ဖြစ်ကြောင်းနှင့် အစီအစဉ်မရှိပါက မည်သည့်အတွက် အစီအစဉ်မရှိကြောင်းကို သိလိုကြောင်း မေးမြန်းထားခြင်းနှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စား လှယ်ကြီး ဦးညီညီမြင့်ရဲ့မေးခွန်းမှာရည်ညွှန်းတဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံး တရားစွဲနှင့် အမှုလိုက်ဆိုင် ရာညွှန်ကြားချက်အမှတ် (၁/၂၀၀၁) ဟာ သေဒဏ်ထိုက်တဲ့ပြစ်မှုနဲ့ စွပ်စွဲခံရတဲ့တရားခံဟာ ဆင်းရဲ နွမ်းပါးသဖြင့် ရှေ့နေငှားရမ်းနိုင်ခြင်းမရှိကြောင်း သက်ဆိုင်ရာတရားရုံးကိုတင်ပြလျှောက်ထားချက် အရ တရားရုံးကအကြောင်းကြားတဲ့အခါမှာ တာဝန်ခံဥပဒေအရာရှိဟာ ဥပရမှတ်ပုံတင်(၆)ခေါ်တဲ့ သေဒဏ်ထိုက်တဲ့အမှုမှာ ဆင်းရဲနွမ်းပါးသူတရားခံဘက်က လိုက်ပါဆောင်ရွက်ဖို့ရှေ့နေ ငှားရမ်းခြင်း မှတ်ပုံတင်မှာ ဖြည့်သွင်းဖို့ ဆောင်ရွက်ရတဲ့ကိစ္စတွေ ဖော်ပြထားခြင်းသာဖြစ်ပါတယ်။ သေဒဏ် ထိုက်သည့် ပြစ်မှုဖြင့်စွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသူတရားခံများအတွက် အစိုးရစရိတ်ဖြင့်ငှားရမ်း ပေးတဲ့ရှေ့နေများ၏ အခကြေးငွေနှုန်းထားသတ်မှတ်ခြင်းနှင့်စပ်လျဉ်းပြီးတော့ ပြည်ထောင်စုအစိုးရ အဖွဲ့ရဲ့ သဘောတူညီချက်နှင့် ရှေ့နေချုပ်ရုံးရဲ့ ၁၅-၃-၁၉၉၃ အရထုတ်ပြန်တဲ့အမိန့် ကြော်ငြာစာ နဲ့ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီအမိန့်ကြော်ငြာစာရဲ့အပိုဒ် ၂ (က) မှာ တရားရုံးချုပ်မှာ လိုက်ပါ ဆောင်ရွက်တဲ့အမှုတွေမှာ ပထမနေ့အတွက် ၁၀၀ ကျပ်နှင့် ဆက်လက်လိုက်ပါဆောင်ရွက်ရတဲ့ နေ့တွေမှာ တစ်နေ့ကို ၇၅ ကျပ်နှုန်း၊ အပိုဒ် ၂ (ခ)မှာတော့ သေဒဏ် စီရင်ပိုင်ခွင့်ရှိတဲ့အခြားတရားရုံး သို့မဟုတ် ခုံရုံးမှာလိုက်ပါဆောင်ရွက်တဲ့အမှုတွေမှာ ပထမနေ့အတွက် ၇၅ ကျပ်နှင့် ဆက်လက် လိုက်ပါဆောင်ရွက်ရတဲ့နေ့တွေအတွက် တစ်နေ့လျှင် ၅၀ ကျပ်နှုန်းလို့ဖော်ပြပါရှိပါတယ်။ ဒီသတ်မှတ် နှုန်းထားတွေဟာ ယနေ့ခေတ် အချိန်အခါနဲ့နှိုင်းယှဉ်ကြည့်မယ်ဆိုရင် လွန်စွာမှနည်းပါးလျက်ရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်ဟာမှန်ကန်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရုံး အနေနဲ့လည်း ငှားရမ်းခစရိတ် တိုးမြှင့်ပေးဖို့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးကနေပြီးတော့

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကို သဘောထားတောင်းခံခဲ့ရာမှာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကလည်း သဘောတူညီကြောင်း ပြန်ကြားချက်ရရှိပြီးဖြစ်ပါတယ်။ ခေတ်ကာလနဲ့လျော်ညီသော သင့်လျော်တဲ့နှုန်းထားဖြင့် သတ်မှတ်အတည်ပြုပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆက်လက်တင်ပြပြီးတော့ အဆိုပါ Dock Brief နှုန်းထားတိုးမြှင့်သတ်မှတ်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားမြို့တွင် ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း မြှင့်တင်နိုင်ရေးအတွက် မည်သည့်နည်းလမ်းဖြင့် ကူညီဆောင်ရွက်ပေးမည်ကို သိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုန်ကွမ်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခမိုင်မုန်ကွမ်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စာနဲ့ဖတ်ရှုအဆိုပြုမေးမြန်းခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုန်ကွမ်(ခ) ဒူဝါခမိုင်တန်ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးမြန်းအဆိုပြုတောင်းခံလိုသည့်ကဏ္ဍများမှာ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်တွင် ထွက်ရှိသော ကျောက်စိမ်းကျောက်မျက်များကို ကချင်ပြည်နယ်၏ မြို့တော်ဖြစ်သော မြစ်ကြီးနားမြို့သို့ ကျောက်စိမ်းကျောက်မျက်အရိုင်းတုံးများကို သယ်ဆောင်ထားရှိရန် အခွင့်အလမ်းမရှိသည့်အတွက် ဒေသခံလုပ်ငန်းရှင် ပြည်သူများမှာ အခက်အခဲနဲ့ကြုံတွေ့လျက်ရှိ၍ မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်မှသာလျှင် သယ်ယူသယ်ဆောင်လုပ်ကိုင်ရမည်ကိုသိလိုပါသဖြင့် မေးမြန်းခြင်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ကြီးနားမြို့သည် ကချင်ပြည်နယ်၏ အကြီးဆုံးမြို့တော်ဖြစ်ပြီး အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေးဘက်စုံ၊ ကဏ္ဍစုံ၊ ဌာနဆိုင်ရာပေါင်းစုံ၊ ပြည်နယ်ရုံးချုပ်တည်ရှိရာမြို့ဖြစ်သည့်အပြင် မြန်မာ့ကျောက်စိမ်းကျောက်မျက်တူးဖော်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပြည်နယ်ရုံးချုပ်ရှိသော တည်နေရာမြို့ဖြစ်ပြီး ရထားလမ်း၊ ကားလမ်း၊ လေကြောင်းလမ်းစသည် ပို့ဆောင်ရေးကဏ္ဍများ၏ ရုံးချုပ်တည်ရှိရာမြို့တော်တစ်ခုဖြစ်သည်ကို ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးလည်း သိရှိမည်ဖြစ်သလို ပြည်မကြီးနဲ့ဆက်သွယ်ထားသော

ရထားလမ်းမကြီးဆုံးသော ဘူတာကြီးတည်ရှိရာမြို့တော်တစ်ခုဖြစ်သည်ကိုလည်း ကချင်ပြည်နယ်အတွင်းရှိ ဖားကန့်မြို့တွင်ထွက်ရှိသော ကျောက်စိမ်းကျောက်မျက်များကို မြစ်ကြီးနားဘူတာကြီးမှ တစ်ဆင့် သယ်ယူပို့ဆောင်ရန်နှင့် မြစ်ကြီးနားမြို့တော်ရုံးစိုက်နေရာများတွင် သယ်ယူပို့ဆောင်သိုလှောင်စုဆောင်းထားခွင့်မရရှိသဖြင့် ဒေသခံလုပ်ငန်းရှင်ပြည်သူများမှာ အခက်အခဲပေါင်းစုံနဲ့ ကြုံတွေ့လျက်ရှိပါတယ်။ သယ်ယူပို့ဆောင်သိုလှောင်စုဆောင်းခွင့် မရသည့်အကြောင်းအရာမှာ မလိခ၊ ဧရာဝတီမြစ်အရှေ့ဘက် နယ်စပ်လမ်းမှတစ်ဆင့် တရုတ်ပြည်ကြီးသို့မှောင်ခိုပို့ဆောင်သည်ဟု အကြောင်းပြသတ်မှတ်၍ဖြစ်ကြောင်းကို သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါဟာ လွဲမှားသော အယူအဆတစ်ခုဖြစ်သည်လို့ တင်ပြဆွေးနွေးလိုပါသည်ခင်ဗျား။ လုပ်ငန်းရှင်မှောင်ခိုသမားဆိုသည်မှာ မည်သည့်နိုင်ငံ မည်သည့်ဒေသမဆိုရှိတယ်ဆိုသည်မှာ မိမိနိုင်ငံနှင့်အတူ နိုင်ငံတကာကအသိအမှတ်ပြုရမည်ဖြစ်သလို မိမိနိုင်ငံအနေနဲ့လည်း အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ ယခင် ဆိုရှယ်လစ်အစိုးရခေတ်တွင်လည်း ဖားကန့်နယ်မြေဒေသများကို နိုင်ငံတော်အစိုးရအနေဖြင့် တားမြစ်ချက်များမှာ ပစ်ခတ်တားမြစ်သည်အထိ ပိတ်ပင်တားမြစ်သော်လည်း လုပ်ငန်းရှင်မှောင်ခိုသမားများက ထိုင်းနိုင်ငံအထိ ကြီးမားသောကျောက်စိမ်းကျောက်ရိုင်းတုံးမြောက်မြားစွာကို သယ်ယူပို့ဆောင်ရောင်းချလျက်ရှိသည်ကိုသိရှိရပါတယ်ခင်ဗျား။ အလားတူ ယခုအချိန်တွင် ကချင်ပြည်နယ်၏ မြို့တော်ဖြစ်သော မြစ်ကြီးနားမြို့သို့ သယ်ယူခွင့်မရရှိသည့်အတွက် ပိုမို၍မှောင်ခိုသမားများကို အားပေးအားမြှောက်ရာ ရောက်သည်လို့တင်ပြလိုပါတယ်။ သယ်ယူသိုလှောင်စုဆောင်းထားခွင့် မရရှိသည့်အတွက် လုပ်ငန်းရှင်မှောင်ခိုသမားများက မြစ်ကြီးနားမြို့တွင် ရပ်နားသိုလှောင်ထားမည်ဆိုပါက လုံခြုံစိတ်ချမှု မရှိဘူးဟုမှတ်ယူ၍ မရပ်မနားဘဲ ကျင်းထွက်အခွန်ဆောင်ပြီးသား ကျောက်စိမ်းရိုင်းများဖြစ်စေ မဆောင်သောကျောက်စိမ်းရိုင်းများဖြစ်စေ မိမိနိုင်ငံတော်နှင့် ပြည်နယ်သူပြည်နယ်သားများက အကျိုးအမြတ်တစ်စွန်းတစ်စမှ ခံယူခံစားခွင့်လုံးဝမရရှိဘဲ မိမိသိက္ခာမဲ့သောနည်းလမ်းဖြင့် နယ်စပ်လမ်းမှတစ်ဆင့် တစ်ဖက်အိမ်နီးနားချင်းတရုတ်နိုင်ငံနယ်စပ်မြို့များဖြစ်သော ရွှေလီ၊ ဂျန်ခေါင်၊ ရင်ကျန်း၊ ထင်ချုန်းမြို့များသို့ အလျင်အမြန်ပို့ဆောင်ရောင်းချလျက်ရှိသည့်အတွက် တရုတ်ပြည်မကြီးတွင် ကျောက်စိမ်းလုံးဝမထွက်ရှိသည့်နိုင်ငံဖြစ်သော်လည်း ကြီးမားသော ကျောက်စိမ်းအရိုင်းတုံးကြီးများ၊ ကျောက်မျက်တုံးကြီးများမှာ တောင်ပုံရာပုံ ပြသရောင်းချလျက် ရှိသည်ကိုတွေ့ရှိရပါတယ်။ မိမိကချင်ပြည်နယ်မှထွက်ရှိသော ကျောက်စိမ်းကျောက်မျက်အရိုင်း တုံးကြီးများနှင့် အချောထည်များကို ဒေသခံကချင်ပြည်နယ်သူ ပြည်နယ်သားများနှင့် မြစ်ကြီးနားမြို့တော်တွင် မှီတင်းနေထိုင်သော

လုပ်ငန်းရှင်ပြည်သူလူထု လူငယ်လူရွယ်များမှာ မမြင်ဖူး၊ မတွေ့ဖူးသည့် အနေအထားနဲ့ကြုံတွေ့ လျက်ရှိပါတယ်။ သို့သော်လည်း ယခုအချိန်မှာ ပြည်သူကရွေးချယ်ထားသော သမ္မတကြီးမှ ဦးစီး ဦးဆောင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပေါ်ထွန်းလာသည်နှင့်အညီ ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့လည်းပေါ်ထွန်းလာ၍ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် မှီတင်းနေထိုင်သော လုပ်ငန်းရှင်ပြည်သူများ၏လိုလားချက်၊ လိုအပ်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့က ဟန်ချက်ညီညီ အလျင်အမြန် ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိရာ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုသတ္တုတွင်းဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့တို့နဲ့ချိတ်ဆက်၍ လုပ်ငန်းရှင်ပြည်သူများ၏ လိုအပ်ချက်ဖြစ်သော ကချင်ပြည်နယ် ကျောက်စိမ်းကျောက်မျက်လုပ်ငန်းရှင်များ၊ အသင်းများကိုလည်း ဖွဲ့စည်းတည်ထောင် ပေး၍ ကျောက်စိမ်းကျောက်မျက်ပြသရောင်းချမည့် တည်နေရာများကိုလည်း အကောင်အထည်ဖော် ချမှတ် သတ်မှတ်ပေးသည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ပြည်နယ်သူပြည်နယ်သား များက နိုင်ငံတော်အစိုးရကို ဝမ်းမြောက်ဝမ်းသာကျေးဇူးတင်လျက်ရှိသည်ကိုလည်း သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို နိုင်ငံတော်အစိုးရအဖွဲ့နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းတည်ထောင်ပေးသော ဒေသခံလုပ်ငန်းရှင်ပြည်သူများ၏ ကျောက်စိမ်းကျောက်မျက်လုပ်ငန်း ထွန်းကားလာစေရေးအတွက် ယခင်ကလို မြစ်ကြီးနားမြို့တော်သို့ သယ်ယူသယ်ဆောင်ခွင့်နှင့် သိုလှောင်စုဆောင်းထားခွင့်များကိုမရရှိပါက နိုင်ငံတော်မှ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဖွဲ့စည်းတည်ထောင်ပေးသော ကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းများမှာ အောင်မြင်မှုမရရှိဘဲ ပြန်လည်မှေးမှိန်သွားမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏မျှော်လင့်ချက်များကို ပျောက်ကွယ်သွားမည်ဖြစ်တယ်လို့တင်ပြလိုပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပြည်သူ၏ကိုယ်စားလှယ်တစ်ဦး အနေဖြင့် ဒေသခံလုပ်ငန်းရှင်ပြည်သူများ၏ကိုယ်စားတင်ပြဆွေးနွေးအကြံပြုလိုသော ကဏ္ဍများမှာ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကျန်ရှိသောတိုင်းဒေသကြီးများနဲ့နည်းတူ မြစ်ကြီးနား မြို့တော်တွင် ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ထွန်းကားလာစေရေးအတွက် မြစ်ကြီးနား-မိုးကောင်းလမ်းမကြီးတွင် တားမြစ်ဖမ်းဆီးမည့်အစား မြစ်တစ်ဖက်ကမ်း ဝိုင်းမော်မြို့နယ်နှင့် ဆဒုံးမြို့နယ်တို့တွင်သာ တရားမဝင်ကျောက်မျက်ကျောက်စိမ်းအရိုင်းများကိုတားမြစ်ဖမ်းဆီး၍ မြစ်ကြီးနား၊ ဖားကန့်၊ မိုးညှင်းမြို့နယ်များ၌ လွတ်လပ်စွာသယ်ယူစုဆောင်းထားရှိပြီး မိမိဆန္ဒအရ ကားလမ်းနှင့် သော်လည်းကောင်း၊ ရထားလမ်းနှင့်သော်လည်းကောင်း၊ လေကြောင်းလမ်းနှင့်သော်လည်းကောင်း

မန္တလေး၊ နေပြည်တော်နှင့် ရန်ကုန်ရှိကျောက်စိမ်းကျောက်မျက်ပြပွဲသို့ သယ်ယူပို့ဆောင်၍ ရောင်းချနိုင်ရေးအတွက် ဒေသခံလုပ်ငန်းရှင်ပြည်သူများက လိုလားတောင့်တလျက်ရှိပါတယ်။ ထိုသို့ရောင်းချရန် အဆင့်မမီသော ကျောက်စိမ်းကျောက်မျက်များကို မိမိပြည်နယ်မှဖွဲ့စည်းထားသော ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် မြန်မာ့ကျောက်မျက်ရတနာတူးဖော်ရေးနှင့် ရောင်းဝယ်ရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်အကြီးအကဲများက ဦးစီးဦးဆောင်စီမံခန့်ခွဲ၍ ပြည်တွင်းပြည်ပကုန်သည်များကို လေလံတင်၍သော်လည်းကောင်း၊ တင်ဒါစနစ်နဲ့သော်လည်းကောင်း ရောင်းချနိုင်ရေးအတွက် စီမံခန့်ခွဲပေးပါက ဒေသခံလုပ်ငန်းရှင်ပြည်သူများမှ ဝမ်းမြောက်ဝမ်းသာကျေးဇူးတင်မည်ဖြစ်သည့်အပြင် တရားမဝင်ကျောက်စိမ်းကျောက်မျက်ရောင်းချရေးလုပ်ငန်းများကိုလည်း တားဆီးထိန်းချုပ်ကာကွယ်နိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ပြီး ကျောက်စိမ်းကျောက်မျက်ကုန်သည်လုပ်ငန်းရှင်များ၏ သယ်ယူပို့ဆောင်စရိတ်များကိုလည်း သက်သာစေမှာဖြစ်၍ နိုင်ငံတော်နှင့် ဒေသခံလုပ်ငန်းရှင်ပြည်သူများ အကျိုးအမြတ်ပိုမိုပေါ်ထွန်းလာမည်ဖြစ်ပြီး ဒေသခံပြည်သူများအနေနဲ့လည်း ကျောက်စိမ်းကျောက်မျက်လုပ်ငန်းပိုင်းဆိုင်ရာတွင် နိုင်ငံတော်မှ ပြည်မကြီးနှင့် ပြည်နယ်များကို မျှတသောမူဝါဒဖြင့် တစ်ပိုင်းချင်းစီအခွင့်အလမ်းများကို မျှတခွဲဝေလုပ်ကိုင်ရန် ချမှတ်ပေးသည်ဟု ခံယူခံစားကြမည်ဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်မှုများကိုလည်း အထောက်အကူပြုစေမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ပေါ်ထွန်းလာမည်ဖြစ်ပါသည်ဟု တင်ပြတောင်းခံရင်း ကချင်ပြည်နယ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းအဖွဲ့တည်တံ့ခိုင်မြဲလာစေရေးအတွက်နှင့် ကချင်ပြည်နယ်၏မြို့တော်ဖြစ်သော မြစ်ကြီးနားမြို့တွင် ကျောက်စိမ်းကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းထွန်းကားလာစေရေးအတွက် အထက်ပါလုပ်ငန်းရှင်ပြည်သူများ၏ လိုလားချက်၊ လိုအပ်ချက်များကို ဘယ်နည်းဘယ်ပုံနဲ့ကူညီဆောင်ရွက်ပေးမည်ကိုသိလိုပါသဖြင့် ဒေသခံလုပ်ငန်းရှင်ပြည်သူများသိရှိနိုင်စေရေးအတွက် ပြန်လည်ဖြေကြားပေးပါရန် ပြည်သူ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့အား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သတ္တုတွင်းဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်အောင်(ပြည်ထောင်စုဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကို

ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်အောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆွမ်ပရာဘွမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုန်ကွမ်(ခ)ဒူဝါခမိုင်တန်မှ ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားမြို့တွင် ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် မည်သည့်နည်းလမ်းဖြင့်ကူညီဆောင်ရွက်ပေးမည်ကို သိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ကျောက်စိမ်းကို ကချင်ပြည်နယ် ဖားကန့်ရတနာနယ်မြေတွင်လည်းကောင်း၊ မိုးညှင်းဒေသ မော်လူး၊ မော်ဟန်ရတနာနယ်မြေတွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးရတနာနယ်မြေတွင်လည်းကောင်း တူးဖော်ထုတ်လုပ်လျက်ရှိပါတယ်။ သတ္တုတွင်းဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံအတွင်း ကျောက်မျက်ရတနာ၊ လက်ဝတ်ရတနာဈေးကွက် ရာခိုင်နှုန်းပြည့် ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကျောက်မျက်ရတနာများ ပြည်တွင်း၌ တရားမဝင် ထုတ်လုပ်ခြင်းများပပျောက်စေပြီး ပြည်ပသို့တရားမဝင်ထုတ်လုပ်ရောင်းဝယ်ခြင်းများကို ကာကွယ် တားဆီးရန် ဝိုင်းမော်မြို့နယ် ကန်ပိုက်တီးကျေးရွာအပါအဝင် နယ်စပ်ဒေသ ၁၉ ခုတွင် ရတနာခွန် ပေးဆောင်ပြီးဖြစ်စေကာမူ ကျောက်မျက်ရတနာအရိုင်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း၏ခွင့်ပြုချက်မရရှိဘဲ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းပြုပါက မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ အရေးယူ ခြင်းခံရမည် ဖြစ်ကြောင်း ၄-၁၂-၁၉၉၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၁/၁၉၉၇)ဖြင့် ထုတ်ပြန်ခဲ့ပါတယ်။ အထက်ပါအတိုင်းဆောင်ရွက်ခဲ့သော်လည်း ဖားကန့်ရတနာနယ်မြေမှထွက်ရှိသော ကျောက်စိမ်း အရိုင်းများကို မြစ်ကြီးနားမြို့မှတစ်ဆင့် ပြည်ပသို့ တရားမဝင်ခိုးထုတ်ခြင်းများရှိနေသဖြင့် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၅-၅-၂၀၀၀ ပြည့်နှစ် ရက်စွဲပါ ဒေသန္တရအမိန့်စာအမှတ် (၁/၂၀၀၀) ဖြင့် အောက်ပါအတိုင်းထုတ်ပြန်ကြေညာခဲ့ပါတယ်-

ကျောက်စိမ်းအရိုင်းနှင့် အချောထည်များအပါအဝင် ကျောက်မျက်ရတနာအမျိုးမျိုးကို ကိုယ်ပိုင်သုံးစွဲဝတ်ဆင်ထားခြင်းမှအပ အခြားနည်းတစ်နည်းနည်းဖြင့် အသုံးပြုရန်အတွက် သယ်ဆောင်ရာတွင် မြစ်ကြီးနားခရိုင်အတွင်း မြစ်ကြီးနားမြို့နယ်နိမိတ်မှကျော်လွန်၍ မေခမြစ်၊ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းဧရိယာများကိုလည်းကောင်း၊ ဗန်းမော်ခရိုင်တွင် ပြည်ပသို့ သွားနိုင်သည့် လမ်းပေါက်များဖြစ်သည့် ဗန်းမော်မှ မိုးမောက်၊ ဗန်းမော်မှ မန်စီဒေသတို့တွင် ဗန်းမော်မြို့နယ် နိမိတ်မှကျော်လွန်၍လည်းကောင်း သယ်ယူခြင်းမပြုရဟူ၍ဖြစ်ပါတယ်။

ထိုသို့ ထုတ်ပြန်ကြေညာတားမြစ်ပိတ်ပင်ခဲ့သည့်အပြင် သတ္တုတွင်းဝန်ကြီးဌာနမှလည်း ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာဈေးကွက်ရာခိုင်နှုန်းပြည့်ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် တစ်ဖက်နိုင်ငံများတွင်ဖြစ်ထွန်းနေသော ကျောက်မျက်ရတနာဈေးကွက်များအသင့်အတင့်ပျက်သွားပြီး နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ သို့သော်လည်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့နဲ့ထိစပ်နေသော ပြည်ပနယ်စပ်ဒေသမြို့များတွင် ကျောက်စိမ်းများရောင်းဝယ်သည့်လုပ်ငန်းများ အတန်အသင့်ဖြစ်ထွန်းလျက်ရှိမှုနှင့် ပြည်တွင်းမှ တရားမဝင်ထုတ်ဆောင်ခြင်းများကို ဖမ်းဆီးရမိမှုများတွေ့ရှိသဖြင့် သတ္တုတွင်းဝန်ကြီးဌာနသည် ၉-၁၀-၂၀၀၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄၄/၂၀၀၇) ဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ တန်ဖိုးဖြတ်အဖွဲ့တွင်မှတ်ပုံတင်၍ ရတနာခွန်ပေးဆောင်ပြီးသော ကျောက်စိမ်းအရိုင်းများကို ရန်ကုန်မြို့သို့သာ သယ်ယူခွင့်ရှိကြောင်း ထုတ်ပြန်ခဲ့ပါတယ်။ ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်တွင်ပြောင်းလဲကျင်းပလာသည့်အတွက် သတ္တုတွင်းဝန်ကြီးဌာနသည် ၂၂-၅-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၂) ဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ တန်ဖိုးဖြတ်အဖွဲ့တွင်မှတ်ပုံတင်၍ ရတနာခွန်ပေးဆောင်ပြီးသော ကျောက်စိမ်းအရိုင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း နေပြည်တော်နှင့် ရန်ကုန်မြို့သို့သာ သယ်ယူပို့ဆောင်ခွင့်ရှိကြောင်း အမိန့်ကြော်ငြာစာအမှတ် (၁၄၄/၂၀၀၇) ကို လွှမ်းမိုးပယ်ဖျက်၍ထပ်မံထုတ်ပြန်ခဲ့ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနမှ ရတနာခွန်ပေးဆောင်ပြီးသော ကျောက်စိမ်းအရိုင်းများကို နေပြည်တော်နှင့် ရန်ကုန်မြို့သို့သယ်ယူရာတွင် သယ်ယူရမည့်လမ်းကြောင်းကို အောက်ပါအတိုင်းသတ်မှတ်ပေးခဲ့ပါတယ်-

မော်တော်ယာဉ်ဖြင့်ဆိုလျှင် လုံးခင်း-ကာမိုင်း- ၈ မိုင်လမ်းခွဲ- မိုးညှင်း-ရွှေဘို- မန္တလေး-မိတ္ထီလာ- နေပြည်တော်- တောင်ငူ- ပဲခူး- ရန်ကုန်။

လုံးခင်း-ကာမိုင်း- ၈မိုင်လမ်းခွဲ -မိုးညှင်း- ထီးချိုင့်- တကောင်း-မတ္တရာ- မန္တလေး-မိတ္ထီလာ-နေပြည်တော်-တောင်ငူ- ပဲခူး- ရန်ကုန်။

မီးရထားဆိုရင် လုံးခင်း-ကာမိုင်း-မိုးကောင်းသို့ မော်တော်ယာဉ်ဖြင့် သယ်ဆောင်ပြီး ၎င်းမှ မီးရထားဖြင့် မိုးကောင်း-မန္တလေး-နေပြည်တော်-ရန်ကုန် ဖြစ်ပါတယ်။

လက်ရှိအခြေအနေတွင် ကျောက်စိမ်းတူးဖော်လုပ်ကိုင်ရမည့် လုပ်ငန်းရှင်အများစုသည် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တို့ကိုအခြေပြု၍ ကျောက်စိမ်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသဖြင့် လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှထွက်ရှိသော ကျောက်စိမ်းရိုင်းများကို မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ တန်ဖိုးဖြတ်၍ ရတနာခွန်ပေးဆောင်ပြီးပါက နေပြည်တော်၊ မန္တလေး၊ ရန်ကုန်မြို့သို့ မီးရထား၊ မော်တော်ယာဉ်တို့ဖြင့် သယ်ယူပို့ဆောင်လျက်ရှိကြပါတယ်။ မီးရထားဖြင့် သယ်ဆောင်ရာတွင် လုံးခင်းမှ မိုးကောင်းမြို့သို့ မော်တော်ယာဉ်များဖြင့်သယ်ယူပြီး မိုးကောင်းဘူတာတွင် ရထားတွဲများပေါ်သို့ရွှေ့ပြောင်းတင်ဆောင်၍ နေပြည်တော်သို့သယ်ဆောင်ကြပါတယ်။ မော်တော်ယာဉ်ကြီးများဖြင့် လုံးခင်း၊ ဖားကန့်ဒေသမှ မိုးကောင်းမြို့မရောက်မီ ၈ မိုင်လမ်းဆုံ၊ ၎င်းမှ မိုးညှင်း၊ ထီးချိုင့်၊ ရွှေဘို၊ မန္တလေး၊ နေပြည်တော်သို့သယ်ဆောင်ကြခြင်းဖြစ်ပါတယ်။ သေးငယ်ပြီးအရည်အသွေးကောင်းမွန်သော အရည်ကျောက်ကဲ့သို့သော တန်ဖိုးကြီးသည့် ကျောက်စိမ်းအရိုင်းတုံးများကို ကြိုတင်ခွင့်ပြုချက်ရယူပြီး မြစ်ကြီးနားသို့သယ်ယူပြီး လေယာဉ်ဖြင့် နေပြည်တော်၊ မန္တလေး၊ ရန်ကုန်မြို့များသို့ Hand Carry သယ်ဆောင်ခွင့်ပြုခဲ့ပါတယ်။ ကျောက်စိမ်းအရိုင်းများကို ရတနာနယ်မြေအသီးသီးမှ နေပြည်တော်သို့တိုက်ရိုက်သယ်ယူခြင်းသည် နေပြည်တော်တွင်ကျင်းပလျက်ရှိသည့် ရတနာပြပွဲများ၌ ပုံမှန်အားဖြင့် ပြည်တွင်းပြည်ပရတနာကုန်သည် ၈၀၀၀ ဦးခန့်တက်ရောက်၍ ဈေးပြိုင်စနစ်၊ တင်ဒါစနစ်များဖြင့် အပြိုင်အဆိုင်ဝယ်ယူကြသည့်အတွက် ဈေးနှုန်းမြင့်မားစွာရရှိနိုင်ပြီး လုပ်ငန်းရှင်များအနေနဲ့ အမြတ်အစွန်းပိုမိုရရှိသည့်အပြင် ပြည်ပသို့ တင်ပို့မှုလုပ်ငန်းစဉ်များသည် နေပြည်တော်တွင် အဆင်ပြေချောမွေ့စွာစီစဉ် ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါတယ်။ နေပြည်တော်သို့သယ်ဆောင်ရောက်ရှိလာသော ပုဂ္ဂလိကပိုင်ကျောက်စိမ်းအရိုင်းများကို ရတနာပြပွဲများ၌တင်ပြရောင်းချရာတွင် ပိုင်ရှင်ကိုယ်တိုင်တိုက်ရိုက်တင်ပြရောင်းချနိုင်ခြင်း၊ ပိုင်ရှင်ကအခြားလုပ်ငန်းရှင်သို့ မြန်မာကျပ်ငွေဖြင့်ရောင်းချပေးပြီး ဝယ်ယူရရှိသူက ရတနာပြပွဲတွင် နိုင်ငံခြားငွေဖြင့်ဖြစ်စေ၊ အဆင့်နိမ့်အသားကျောက်ဖြစ်ပါက ကျပ်ငွေဖြင့်ဖြစ်စေရောင်းချနိုင်ခြင်းစသည့်အကျိုးအမြတ်များရရှိသည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် နေပြည်တော်သို့သာတိုက်ရိုက်သယ်ဆောင်ကြခြင်းဖြစ်ပါတယ်။ နေပြည်တော်သို့တိုက်ရိုက်သယ်ဆောင်၍ ရတနာပြပွဲများတွင် တင်ပြရောင်းချခဲ့သော ကျောက်စိမ်းအရိုင်းများကို အချောထည်လုပ်ငန်းဖွံ့ဖြိုးလျက်ရှိသော မန္တလေးမြို့၊ စစ်ကိုင်းမြို့များသို့ ပြန်လည်သယ်ဆောင်ပြီး အချောထည်ထုတ်လုပ်၍ One Stop Service Center မန္တလေးမှတစ်ဆင့် ပြည်ပသို့တင်ပို့ရောင်းချခြင်းများ ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်စိမ်းရိုင်းသယ်ယူခွင့်နှင့်ပတ်သက်၍ ကျောက်မျက်ရတနာဥပဒေ အတိုင်း လိုအပ်သည့်အမိန့်၊ ညွှန်ကြားချက်များထုတ်ပြန်ထားရှိတားမြစ်ခဲ့သော်လည်း ကချင်ပြည်နယ် အတွင်း တရားမဝင်ကျောက်စိမ်းရိုင်းများသယ်ဆောင်ခဲ့သည့်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အတွင်း စုစုပေါင်းအမှု ၁၈ မှုဖမ်းဆီးရမိခဲ့ပြီး အလေးချိန် ၁၆၃ တန်ကျော်ရရှိကြောင်း စစ်ဆေးတွေ့ရှိ ရပါတယ်။ လက်ရှိအခြေအနေမှာ လုံးခင်း၊ ဖားကန့်ဒေသတွင် နယ်မြေလုံခြုံမှုအခြေအနေအရ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းကို ၂၀၁၂ ခုနှစ် ဇွန်လမှစ၍ ယာယီရပ်ဆိုင်းထားပါတယ်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း၌ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍနှင့်ပတ်သက်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းကို ထည့်သွင်းဖော်ပြထားပါတယ်။ ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကချင်ပြည်နယ်အတွင်း ကျောက်မျက်ရတနာများဖြတ်တောက်ခြင်း၊ သွေးခြင်းနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများအကြမ်း ရေးဆွဲလျက်ရှိကြောင်းသိရှိရပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့်လည်း မြန်မာ့ကျောက်မျက် ရတနာဥပဒေကို ပြည့်စွက်ပြင်ဆင်ပြီးရှေ့နေချုပ်ရုံးသို့ပေးပို့တင်ပြထားပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရန်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင် ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကိုလည်းကောင်း၊ ဖြတ်တောက်ခြင်း၊ သွေးခြင်းပြုပြီးသော ကျောက်မျက်ရတနာအချောထည်များကိုလည်းကောင်း၊ လက်ဝတ်ရတနာတို့ကိုလည်းကောင်း၊ ပြည်တွင်း၌သတ်မှတ်ချက်များနှင့်အညီ လွတ်လပ်စွာ သယ်ယူခွင့်ရှိသည်ဟု ထည့်သွင်းဖော်ပြတင်ပြထားပါတယ်။ အဆိုပါဥပဒေအရ လုံးခင်း၊ ဖားကန့်တွင် တန်ဖိုးဖြတ်ရတနာခွန်ပေးဆောင်ပြီးသော ကျောက်စိမ်းကျောက်မျက်များကို လုပ်ငန်းရှင်များ၏ တင်ပြ လာမှုအပေါ် စိစစ်ပြီး မြစ်ကြီးနားမြို့၊ မန္တလေးမြို့၊ နေပြည်တော်နှင့် ရန်ကုန်မြို့အစရှိသည့် မြို့များသို့ ဥပဒေနှင့်အညီ လွတ်လပ်စွာသယ်ယူခွင့်ရှိကြမည်ဖြစ်ပါတယ်။ မြစ်ကြီးနားမြို့တွင် အချောထည် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မြစ်ကြီးနားမြို့သို့ ကျောက်စိမ်းအရိုင်းများ သယ်လိုသည့် ရတနာကုန်သည်များကို ဥပဒေနှင့်အညီစိစစ်ပြီး သယ်ဆောင်လုပ်ကိုင်ခွင့်ပြုပေးပါက လက်ကောက်၊ ပုတီး၊ လက်စွပ်၊ ဝါရှာပြား၊ ဆွဲပြားစသည့် အချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်မည်လည်းဖြစ်ပါတယ်။ အချောထည်လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာသည့်အချိန်တွင် အခြားတိုင်းဒေသကြီးများနည်းတူ One Stop Service Center များ

ဖွင့်လှစ်၍ လက်ကောက်၊ ပုတီးအစရှိသော ကျောက်စိမ်းအချောထည်များကို ကချင်ပြည်နယ် အစိုးရအဖွဲ့က သတ်မှတ်ပေးသည့်လမ်းကြောင်းအတိုင်း ပြည်ပသို့တင်ပို့နိုင်ရေး စီစဉ်ပေးခြင်းဖြင့် မြစ်ကြီးနားမြို့တွင် ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမြှင့်တင်ပေးခြင်း ဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများဖြစ်ပေါ်လာရေး၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား) တည်တံ့ခိုင်မြဲလာရေး၊ ကချင်ပြည်နယ်၏ မြို့တော်ဖြစ်သော မြစ်ကြီးနားမြို့တွင် ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမြှင့်တင်လိုခြင်းနှင့် မြစ်ကြီးနားမြို့သို့ ကျောက်စိမ်းအရိုင်းများသယ်ဆောင်လိုခြင်းကိစ္စရပ်များကို မည်သည့်နည်းလမ်းဖြင့် ကူညီဆောင်ရွက်ပေးမည်ကိုသိလိုခြင်းနှင့်စပ်လျဉ်း၍ အထက်တင်ပြပါ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှရေးဆွဲအတည်ပြုမည့် သတ္တုကဏ္ဍဆိုင်ရာဥပဒေများနှင့် သတ္တုတွင်းဝန်ကြီးဌာနမှ တင်ပြမည့် သတ္တုတွင်းဥပဒေနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေတို့ကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးသည့်နောက်မှသာ ဥပဒေနှင့်အညီခွင့်ပြုချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက လိုအပ်သည်များဆောင်ရွက်ပေးခြင်း၊ မြစ်ကြီးနားမြို့ တွင် ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတိုးတက်ဖွံ့ဖြိုးရေးအတွက် သတ္တုတွင်းဝန်ကြီးဌာန အနေဖြင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား)၊ ပြည်နယ်အစိုးရအဖွဲ့တို့နဲ့ ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းများဖြင့် ဒေသခံပြည်သူများအတွက် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဆားလင်းကြီးမြို့နယ်ရှိ ငါးခုန်-ပေါင်းဝ ကျေးရွာချင်းဆက်လမ်းအား ကျောက်ခင်းလမ်းအဖြစ် အဆင့် မြှင့် ပြုပြင်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာနှုတ်ဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ တင်ပြမယ့်အချက်ကတော့ ကျွန်တော်တို့ ဆားလင်းကြီးမြို့နယ်အတွင်းမှာရှိတဲ့ ဒေသခံပြည်သူတွေရဲ့

ဆန္ဒတစ်ခုဖြစ်တဲ့ ငါးခုန်-ပေါင်း၀ ကျေးရွာချင်းဆက်လမ်း ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန်ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ ဆားလင်းကြီးမြို့နယ်ဟာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ၈ မြို့နယ်မှာ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းမှာရှိတဲ့ မြို့နယ် ၄ မြို့နယ်ထဲက တစ်မြို့ဖြစ်ပါတယ်။ စစ်ကိုင်း တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးကြားမှာ တောင်ယမား ခြားနားနေပြီးတော့ ဒီခြားနားနယ်စပ်မှာရှိတဲ့ ကျေးရွာအုပ်စု ၅ အုပ်စုရဲ့ ဆက်သွယ်ရေးလမ်းကြောင်းနဲ့ပတ်သက်လို့ တင်ပြခြင်းလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ အစိုးရအဖွဲ့အသီးသီးကနေပြီးတော့ ကျွန်တော်တို့လမ်းများ ဖောက်လုပ်ပေးခဲ့ပါတယ်။ အဲဒီလမ်းများဟာ မြေသားကျောက်ခင်းလမ်းများသာဖြစ်ခဲ့တဲ့အတွက် နှစ်ကာလကြာလာတဲ့အခါမှာ လမ်းပြုပြင်မှုနှင့် ထိန်းသိမ်းမှုအားနည်းချက်ရှိတဲ့အတွက် ဒေသခံကျေးရွာအချင်းချင်းနဲ့ ကျေးရွာအုပ်စုတွေဟာ ဆားလင်းကြီးမြို့နယ်ကို ဆက်သွယ်သွားလာတဲ့အခါမှာ အခက်အခဲ များစွာရှိပါတယ်။ အထူးသဖြင့် ငါးခုန်၊ နောကရို့၊ ခွန်သာ၊ ဆားခါး၊ ပေါင်း၀ ကျေးရွာအုပ်စု ၅ အုပ်စုမှ ဆားလင်းကြီးမြို့သို့ သွားတဲ့လမ်းဟာဆိုလို့ရှိရင် ခန့်မှန်းအနေနဲ့ ၈ မိုင်ကျော် မြေသားလမ်း ဖြစ်ပြီးတော့ ပေါင်း၀-ဆားခါးအထိ ၃ မိုင်ခန့်သာ ကျောက်ခင်းလမ်းရှိပါတယ်။ ကျန် ၅ မိုင်ကျော် ကျောက်ခင်းလမ်း ဆောင်ရွက်ရန်ရှိနေပါတယ်။ နောက်ကျွန်တော်တို့ ဒေသမှာ ယမားရေဟာ အချိန်မရွေးကျလာနိုင်တာဖြစ်ပြီးတော့ မြေသားလမ်းမှာ တစ်နယ်မြေတွေရှိပြီးတော့ ကျွန်တော်တို့ သံဘီးတပ်တဲ့ နွားလှည်းတွေ အသုံးပြုနေရတဲ့အတွက် လှည်းစောက်အထိ သွားလာရတဲ့အခါမှာ နွားတွေဟာ မရုန်းနိုင်ဖြစ်ပြီးတော့ ခရီးဟာ နီးလျက်နဲ့ဝေးနေတဲ့အခြေအနေမျိုးဖြစ်ပါတယ်။ ဒီလမ်းဟာ လူဦးရေ ၃၃၃၇၅ ဦး မှီခိုနေရတာဖြစ်တဲ့အတွက်လည်းကောင်း၊ ဒေသခံကျောင်းသူကျောင်းသားတွေ ပညာရေးအတွက် ကျောင်းတက်ရာမှာလည်းကောင်း၊ ဒေသခံပြည်သူလူထုတွေ ကျန်းမာရေးစောင့်ရှောက်မှုရရန်အတွက် မြို့ကိုသွားရန်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းအဖြစ် ဒေသတွင်းမှာ ထွက်ရှိတဲ့ ရာသီသီးနှံ၊ နှစ်ရှည်သီးနှံတွေကို ပို့ဆောင်ရာမှာလည်းကောင်း ဒီလမ်းကို မဖြစ်မနေ အသုံးပြုနေရတာ ဖြစ်ပါတယ်။ ဒီလမ်းသာကောင်းမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ကျေးရွာမှာရှိတဲ့ လူထုနှင့် မြို့နယ်လူထုဟာ ကွာဟမှုနည်းပါးပြီးတော့ တိုးတက်လာမှာဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ပြန်ကြည့်တဲ့အခါမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းမှာ ဒေသဖွံ့ဖြိုးရေးအတွက် မြေလမ်း ၉၀၀ မိုင်၊ ကျောက်ခင်းလမ်း ၃၀၀ မိုင်၊ ကတ္တရာခင်းလမ်း ၁၅၀ မိုင် တိုးချဲ့ဆောင်ရွက်ဖို့ ရည်မှန်းချက်ထားရှိသလိုပဲ ကျေးရွာချင်းဆက်တဲ့လမ်း တိုးချဲ့ဖို့အတွက်လည်း မြေသားလမ်း ၉၅၀၊ ကျောက်ခင်းလမ်း ၃၈၀၊ ကတ္တရာလမ်း ၁၉၀ မိုင်ဖောက်လုပ်ရန်လျာထားချက်

တွေ့ရှိရပါတယ်။ အဲဒီတွေ့ရှိတဲ့အထဲမှာ ကျွန်တော်တို့ မြို့နယ်မှာရှိတဲ့လမ်းဟာပါရှိခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီလမ်းကို ကျေးရွာအုပ်စု ၅ အုပ်စု၊ မှီခိုလူဦးရေ ၃၀၀၀၀ ကျော် ကျွန်တော်တို့ စားဝတ်နေရေးနှင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအထောက်အကူပြုလမ်းနှင့် လူဦးရေ ၂၀၀၀၀၀ ခန့် ဆက်သွယ်နေတဲ့ ဆားလင်းကြီးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စု ၄၂ အုပ်စု ဆက်သွယ်နေတဲ့ ကျေးရွာချင်းဆက်လမ်းများကို ဝန်ကြီးဌာနရဲ့ရည်မှန်းချက်နှင့်အညီ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ဦးစားပေး ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ဖို့အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ဇော်ဝင်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ မေးမြန်းချက်မှာ ဆားလင်းကြီးမြို့နယ် ငါးခုန်-ပေါင်းဝ ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပြုပြင်ရန် ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆာလင်းကြီးမြို့နယ် ငါးခုန်-ပေါင်းဝ ကျေးရွာချင်းဆက်လမ်းဟာ ပေါင်းဝမှ ဆားခါးအထိ ၁ မိုင် ၄ ဖာလုံရှိပါတယ်။ ဆားခါးမှခွန်သာအထိကို ၂ မိုင် ၄ ဖာလုံရှိပါတယ်။ ခွန်သာမှငါးခုန်အထိကို ၃ မိုင်ရှိပါတယ်။ စုစုပေါင်း ၇ မိုင်ဖြစ်ပြီးတော့ ကျေးရွာ ၆ ရွာအတွက်ကို ဆိုရင်တော့ လူဦးရေ ၃၀၀၀၀ ကျော်ကို အကျိုးပြုကြောင်းတွေ့ရှိရပါတယ်။ လမ်းရဲ့ လက်ရှိအခြေ အနေမှာ ကျောက်လမ်းက ၂ မိုင် ၇ ဖာလုံနှင့် မြေသားလမ်းက ၄ မိုင် ၁ ဖာလုံ ဖြစ်ပါတယ်။ အဆိုပါလမ်းကို ကျောက်ချောခင်းရန်ကျန်ရှိတဲ့ မြေသားလမ်း ၄ မိုင် ၁ ဖာလုံကို ကျောက်ခင်းရန် အတွက် တွက်ချက်မှုမှာ ကျပ်သန်းပေါင်း ၁၂၅.၉၈ သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ၎င်းလမ်းနှင့်

ပတ်သက်လို့ ပြီးခဲ့တဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စစ်ကိုင်းတိုင်းဒေသကြီး အမှတ် ၅ မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့်မှလည်း ဆားလင်းကြီးမြို့နယ် ပေါင်းဝ-ငါးခုန် ကျေးရွာချင်းဆက်လမ်းအားဖောက်လုပ်ပေးပါရန် မေးမြန်းမှုနဲ့ပတ်သက်ပြီးတော့ ကျောက်ခင်းရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကနေ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်းကို ၂ မိုင် ၁ ဖာလုံ ကျပ်ငွေအားဖြင့် ၆၄.၉ သန်းနှင့် ၂၀၁၅-၂၀၁၆ မှာ ဆက်လက်ပြီးတော့ ကျောက်ခင်းလမ်း ၂ မိုင် အတွက်ကို ငွေကျပ် ၆၁.၀၈ သန်းအားလည်းကောင်း လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ (ကြံဘာသံများ)

**မင်းလှတောင်ကျချောင်းကူးတံတားအားမည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးသွားမည်ကို သိလိုသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသောဧည့်သည်တော်များအားလုံးကို လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်ရှိ မင်းလှ တောင်ကျချောင်း ချောင်းကူးတံတားဆောက်လုပ်ပေးရေးအတွက် မင်းလှမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုး၏ ကြယ်ပွင့်မပြသောမေးခွန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စာဖြင့်ဖြေကြားခဲ့ပါသည်။ သို့ရာတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံခြင်းမတွေ့ရှိရဘဲ ဆောင်ရွက်ပေးခြင်းလည်း မရှိသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ကတိကဝတ်ပြုထားသည့် အတိုင်း မည်သည့်အတွက် ဆောင်ရွက်နိုင်ခြင်း မရှိသည်ကိုလည်းကောင်း ဖော်ပြပါမင်းလှချောင်း တံတားအား မည်သည့် ဘဏ္ဍာရေးနှစ်တွင် မည်ကဲ့သို့ဆောက်လုပ်ပေးသွားမည်ကိုလည်းကောင်း သိရှိလိုပါသဖြင့် ဖြေကြားပေးနိုင်ပါရန် မေးမြန်းအပ်ပါသည်။ကျေးဇူးတင်ပါတယ်။(ကြံဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ဇော်ဝင်း(ဒုတိယဝန်ကြီး၊နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုးရဲ့ မေးခွန်းကို နယ်စပ်ရေးရာဝန်ကြီးဌာနကိုယ်စား ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မင်းလှမြို့နယ် မင်းလှတောင်ကျချောင်းတံတားဟာ မင်းလှ-အုန်းနဲချောင်း-လှည်းကူး-ညောင်ဝင်း- အိုးသည်လမ်း ၃ မိုင် ၆ ဖာလုံ မြေသားလမ်းအပေါ်တွင်တည်ရှိပြီး မင်းလှမြို့မြောက်ဘက်ကျေးရွာများနှင့် အုတ်ဖိုမြို့နယ် အိုးသည်ကုန်းကျေးရွာအုပ်စုတို့ကို ဆက်သွယ်တဲ့လမ်းပဲဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး၌ မင်းလှတောင်ကျချောင်းတံတားအား တည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိမေးခွန်းနှင့်ပတ်သက်၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန ဖြည့်စွက်ရန်ပုံငွေကျပ် ၄၀ သန်းဖြင့် (၈၀x၁၄x၁၅) အတိုင်းအတာရှိ အုတ်ခုံခံသစ်သား တံတား တည်ဆောက်ရန် ထည့်သွင်းလျာထားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားခဲ့ပါတယ်။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်မံမေးမြန်းလာသည့်အတွက် မင်းလှတောင်ကျချောင်းကူးတံတား တည်ဆောက်ရန်နှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေနဲ့ ၂၀၁၂-၂၀၁၃ ခုနှစ် ကျွန်တော်တို့ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွေမှာ ကျွန်တော်တို့ ဆောင်ရွက်မဲ့လုပ်ငန်းတွေမှာ ပဲခူးတိုင်းအရှေ့အနောက်နယ်မြေတွေမှာ ကျွန်တော်တို့ တင်ဒါစနစ် ခေါ်ယူဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုတင်ဒါခေါ်ယူတဲ့အတွက် ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေအရ အိတ်ဖွင့်တင်ဒါအောင်မြင်တဲ့ ရွှေလွင်လွင်ကုမ္ပဏီကနေမှ မင်းလှမြို့နယ်မှာရှိတဲ့ အဆိုပါတံတား (၈၀ x ၁၄ x ၁၅ ) အတိုင်းအတာရှိ အုတ်ခုံတံတားကို ကျွန်တော်တို့ တာဝန်ယူပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားလိုပါတယ်။ ဒါ့အပြင် နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့လည်း သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးနိုင်ပါရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဇီးကုန်း-ဘော်ဘင် အရှည် ၁၂ မိုင်လမ်းအား အမြဲတမ်းသွားလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းအား ဆက်လက်ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ဇီးကုန်းမဲဆန္ဒနယ် )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သ အပ်ပါတယ်။ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ဇီးကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်မှုချောမွေ့ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်သူများမှာ များစွာဝမ်းသာပီတိဖြစ်ကာ ကျေးဇူးတင်လျက်ရှိကြပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ဇီးကုန်း-ဘော်ဘင် ၁၂ မိုင်လမ်းအား ပထမအဆင့်အနေဖြင့် ပျက်စီးမှုများသော ကန်ကလေး-ဆိတ်ကူးကျင်းလမ်းပိုင်းကို ကျောက်ချောလမ်းအဖြစ် ၂ မိုင်၊ ဂဝံလမ်း၂ ဖာလုံခင်းခြင်းလုပ်ငန်းကို ပြီးခဲ့တဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးခဲ့တဲ့အတွက် ကျေးလက်နေပြည်သူများဟာ များစွာဝမ်းသာကျေးဇူးတင်လျက်ရှိကြပါတယ်။ အဆိုပါလမ်းမှာကျန်ရှိတဲ့ ၁၀ မိုင် လမ်းပိုင်းဟာ ကျောက်ချောလမ်းအဖြစ်ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် ကျေးရွာပေါင်း ၂၀၊ အိမ်ခြေပေါင်း ၇၃၁၈ အိမ် လူဦးရေပေါင်း ၃၅၉၁၆ ဦးတို့မှ လိုလားတောင့်တလျက်ရှိပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက် နေ့စွဲဖြင့် ဖြေကြားထားတဲ့စာပါ အချက်အလက်များမှာ နောင်နှစ်များတွင်လည်း ကျန်လမ်းပိုင်းများအား အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအနေဖြင့် နှစ်အလိုက်အစီအမံများရေးဆွဲကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားထားပြီးလည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများ၏လိုလားတောင့်တချက်အရ အောက်ပါမေးခွန်းများကို မေးမြန်းသွားမှာဖြစ်ပါတယ်။ မေးခွန်း(၁) ဇီးကုန်း-ဘော်ဘင် ၁၂ မိုင်လမ်းပိုင်းမှ ကျန်ရှိနေသေးသော ၁၀ မိုင် လမ်းပိုင်းအား ယခု ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါတယ်။ မေးခွန်း(၂) ဆက်လက်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။ (ကြိဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ဇော်ဝင်း( ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဆက်လက်ပြီးတော့ ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်မြင့်ရဲ့ မေးခွန်းကို နယ်စပ်ရေးရာဝန်ကြီးဌာနကိုယ်စား ကျွန်တော်မှဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်း ဒေသကြီး၊ ဇီးကုန်းမြို့နယ် ဇီးကုန်း-ဘော်ဘင်လမ်းအရှည် ၁၂ မိုင် ရှိပြီးတော့ မြေနီလမ်းဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ကျောက်ချောလမ်း၂ မိုင် ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါတယ်။ အဆိုပါလမ်းအား ကျေးရွာ ၂၀ မှာရှိတဲ့လူဦးရေ ၃၅၉၁၆ ဦးအကျိုးပြုသွားလာလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ မေးမြန်းတင်ပြချက်အရ ဇီးကုန်း-ဘော်ဘင်လမ်း ၂ ဖာလုံဂဝံခင်းခြင်းနဲ့ ၂ မိုင်ကျောက်ခင်းလမ်းဆောင်ရွက်ခြင်းအား နိုင်ငံတော် ထောက်ပံ့ငွေရန်ပုံငွေ ၆၂.၈ သန်း၊ အဖွဲ့ရန်ပုံငွေ ၇.၂သန်းနဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ၂.၄သန်း စုစုပေါင်း ၇၂.၄ သန်းဖြင့်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဇီးကုန်း-ဘော်ဘင်လမ်းရဲ့ ကျန်လမ်းပိုင်း အရှည် ၁၀ မိုင်ကိုလည်းပဲ ကျောက်ခင်းလမ်းခင်းမည်ဆိုပါက ၆၀၄.၉ သန်း၊ ကတ္တရာခင်းမည်ဆိုပါက ၉၀၇.၁သန်းကုန်ကျမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်း ထားတဲ့ ဇီးကုန်း-ဘော်ဘင်လမ်းအား ဆက်လက်ဆောင်ရွက်ရန် အစီအစဥ်ရှိ၊ မရှိနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပဥ္စမကာလတို ၅ နှစ်စီမံကိန်းမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ အဆိုပါလမ်းပေါ်မှာရှိတဲ့ ရေပြွန် ၅ စင်းကို ကျပ် ၅ သန်းဖြင့် လည်းကောင်း၊ အခုလာမယ့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်း ၁ မိုင်နှင့် ရေပြွန် ၁ စင်းကို လည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်း ၅ မိုင်ကို ကျပ်ငွေ ၄၅၃.၅ သန်းဖြင့် လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျန်ကတ္တရာလမ်း ၄ မိုင်ကို ကျပ်ငွေ ၃၆၂.၈၄ သန်းဖြင့်လည်းကောင်း လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါ တယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၁၀**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## နွားထိုးကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါခင်နှင့် ဇမ္ဗူသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းတို့အား လိုအပ်ချက်အရ ကော်မတီပြောင်းရွှေ့ တာဝန်ပေးအပ်ခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နွားထိုးကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါခင်နဲ့ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းတို့အား လိုအပ်ချက်အရ အောက်ပါအတိုင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေမှာ ဖြစ်ပါတယ်။ နွားထိုးကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါခင်အား အားကစား၊ ယဉ်ကျေးမှုနဲ့ ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီသို့လည်းကောင်း၊ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းအား ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသို့လည်းကောင်း ပြောင်းရွှေ့တာဝန်ပေးမှာဖြစ်ကြောင်း လွှတ်တော်အား အသိပေးတင်ပြပါတယ်။

## ပစ္စည်းလွှဲပြောင်းခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅) ရက်နေ့မြောက်ဖြစ်သော ၂၃-၁၁-၂၀၁၂ ရက်နေ့တွင် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လွှတ်တော်သို့တင်သွင်းခဲ့ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ဖြစ်သော ၉-၁-၂၀၁၃ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခဲ့ပါတယ်။ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေး လိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၂-၁-၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းရန် ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ဆွေးနွေးချက်ကိုတင်ပြလာတဲ့ ကိုယ်စားလှယ်တစ်ဦးမှမရှိပါ။ ပြည်ထောင်စုတရား လွှတ်တော်ချုပ်က တင်သွင်းသွားတဲ့ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပေါ် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာအရ ပြင်ဆင်ချက် တစ်စုံတစ်ရာမရှိကြောင်း တွေ့ရှိရ ပါတယ်။ ဒါ့ကြောင့် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်မှာ ပြင်ဆင်ချက်မရှိအတည်ပြုကြောင်း လွှတ်တော်ရဲ့ သဘောထားမေးမြန်းပါမယ်။ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်မှာ ပြင်ဆင်ချက်မရှိအတည်ပြုကြောင်း လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့ အတွက် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ လွှတ်တော် က အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမ အကြိမ် ပြည်သူ့လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ဖြစ်သော ၉-၁-၂၀၁၃ ရက်နေ့တွင် ၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လွှတ်တော်သို့တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ ၎င်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်

စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ အချက်အလက်များကို တိကျစွာရေးသား ဖော်ပြ၍ ၂၂-၁-၂၀၁၃ ရက်နေ့တွင် နောက်ဆုံးထားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ကြေညာပြီးဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ဆွေးနွေးချက်များကို တင်ပြလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသွားတဲ့ ၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် ဥပဒေကြမ်း ကော်မတီရဲ့ အစီရင်ခံစာအရ ပြင်ဆင်ချက်တစ်စုံတစ်ရာမရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း အပေါ်မှာ ပြင်ဆင်ချက်မရှိအတည်ပြုကြောင်း လွှတ်တော်ရဲ့ သဘောထားမေးမှာဖြစ်ပါတယ်။ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူမရှိတဲ့ အတွက် ၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သော ပစ္စည်းအုပ်ထိန်းသူအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ဦးသိန်းညွှန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးကထောက်ခံခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်က ဥပဒေကြမ်းတစ်ခု ပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁ နည်းဥပဒေခွဲ(ခ) အရ တင်ပြလာတဲ့ ဥပဒေကြမ်းအပေါ် ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန်အဆိုတင်သွင်းဖို့ ဦးသိန်းညွှန့်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွှန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၀၄ ခုနှစ် အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လွှတ်တော်ကို ကျွန်တော်တင်သွင်းပါမယ်။

တင်သွင်းရတဲ့ အကြောင်းအရင်းကတော့ ဒီဥပဒေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ လက်ထက်မှာပြဋ္ဌာန်းခဲ့တဲ့ဥပဒေဖြစ်ပါတယ်။ အခုလို လွှတ်တော်မှာ အခြေအတင်ဆွေးနွေး ပြီးတော့ ဥပဒေကြမ်းတင်သွင်းခဲ့တဲ့ ဥပဒေကြမ်းဆွေးနွေးပြီးတော့ အတည်ပြုခဲ့တဲ့ ဥပဒေမဟုတ်ပါဘူး။ ဒါ့ကြောင့် အခုကာလအခြေအနေနဲ့ ဒီဥပဒေလက်တွေ့ကျင့်သုံးမှုမှာ အားနည်းချက်တွေရှိလာပါတယ်။ နောက်တစ်ခါ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်တော်တို့ လက်တွေ့ကျင့်သုံးရမယ့်အချိန်မှာ ဒီဥပဒေဟာ အခြေခံဥပဒေနဲ့ မကိုက်ညီတဲ့အချက်အလက်များကိုလည်း ပြဋ္ဌာန်းထားကြောင်း တွေ့ရပါ တယ်။ အရင်ဆုံးအခြေခံဥပဒေအရပြောရရင်တော့ ပုဒ်မ ၂၁ ပုဒ်မခွဲ (ဃ)အရ နိုင်ငံသားများ၏ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခံစားခွင့်နှင့် တာဝန်နှင့် တားမြစ်ချက်များ ထိရောက်ခိုင်မာပြည့်စုံစေရန်ဆိုတဲ့ ပြဋ္ဌာန်းချက်သည် ၂၀၀၄ ခုနှစ် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေအရ ဒီအခွင့်အရေးကို ထိပါးစေတဲ့အချက်အလက်များတွေ့ရပါတယ်။ နောက်တစ်ချက်က ဒီဥပဒေသည် ပြဋ္ဌာန်းခဲ့တဲ့ မူလရည်ရွယ်ချက်ပုဒ်မ ၃ မှာပါတဲ့ ရည်ရွယ်ချက်များသည် အင်မတန်မှကောင်းမွန် ပါတယ်။ ဒါပေမယ့် ဒီရည်ရွယ်ချက်ကို ပြဋ္ဌာန်းလိုက်တဲ့ အချက်အလက်များကတော့ ပြဋ္ဌာန်းချက်များ ကတော့ မူလရည်ရွယ်ချက်ကို အထောက်အကူမပြုပါဘူး။ အထောက်အကူမပြုတဲ့အပြင် လူ့အခွင့်အရေးကိုလည်း ထိပါးတဲ့ ပြဋ္ဌာန်းချက်တွေ တော်တော်များများ ပြဋ္ဌာန်းထားတာလည်း တွေ့ရ ပါတယ်။ အရင်ဆုံးတင်ပြရရင် ဒါဟာ ဒီဥပဒေမှာပါတဲ့အတိုင်း စီးပွားရေးနှင့်သက်ဆိုင်တဲ့ကိစ္စတွေမှာ လည်း ဒီဥပဒေ ပြဋ္ဌာန်းချက်က အကျုံးဝင်ပါတယ်။ အဲဒီတော့ စီးပွားရေးဆိုင်ရာပြဋ္ဌာန်းချက်ဆိုရင် အခု ကျွန်တော်တို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြီးပြဋ္ဌာန်းတဲ့အခါမှာလည်းကောင်း သတိပေးမယ်။ ဒဏ်ရိုက်မယ်။ လိုင်စင်ရုတ်မယ်။ အဲဒီလောက်ပဲပြစ်ဒဏ်ပေးထားပါတယ်။ ပြစ်မှုကြောင်းအရ မပေး ထားပါဘူး။ ဒီ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရဆိုရင် ရာဇဝတ်ကြောင်း၊ ပြစ်မှု ကြောင်းနှင့် ပေးထားတယ်ဆိုတာ ဒါဥပဒေပြဋ္ဌာန်းချက်မှာပေါ်လွင်နေပါတယ်။ နောက်တစ်ချက် ကတော့ ဒီဥပဒေမှာ ပြဋ္ဌာန်းချက်တွေဟာ လိုသလိုချဲ့ထွင်ပြီးတော့ သုံးလို့ရတဲ့အချက်တွေပါလာ ပါတယ်။ အထူးသဖြင့် နိုင်ငံရေးရည်မှန်းချက်နဲ့သုံးလို့ရတဲ့အချက်တွေက အခု ပုဒ်မ ၃၃ မှာ အနည်းဆုံးထောင်ဒဏ် ၇ နှစ်မှ အများဆုံး ထောင်ဒဏ် ၁၅ နှစ်ချမှတ်နိုင်တဲ့ ပုဒ်မ ၃၃ (က) ကို ကြည့်လိုက်ရင် နိုင်ငံတော်၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုကို ထိခိုက်သည့် ပြုလုပ်မှုတစ်ရပ်ကို ပြုလုပ်ခြင်း၊ ပုဒ်မ ၃၃ (ခ)မှာကျတော့ နိုင်ငံတော်၏လုံခြုံရေး၊

တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုနှင့်စပ်လျဉ်းသည့် နိုင်ငံတော်လျှို့ဝှက်ချက်နှင့် သက်ဆိုင်သော သတင်းအချက်အလက်တစ်ရပ်ကိုရယူခြင်း သို့မဟုတ် ပေးပို့ဖြန့်ချိခြင်း နိုင်ငံတော်လုံခြုံရေးနှင့်ပတ်သက်တဲ့ ဥပဒေတွေဟာ အထူးဥပဒေတွေမှာလည်း ပြဋ္ဌာန်းထားပါတယ်။ ပြစ်မှုဆိုင်ရာဥပဒေမှာလည်း ပြဋ္ဌာန်းထားပါတယ်။ အခု အီလက်ထရစ်ဆက်သွယ်ရေးဥပဒေမှာလည်း ထပ်မံပြဋ္ဌာန်းပြီးတော့ ကြီးမားတဲ့ ပြစ်မှုအဖြစ် သတ်မှတ်တဲ့အခါကျတော့ ဒီဥပဒေနှင့်ပတ်သက်ပြီး ခံခဲ့ရတဲ့လူရဲ့အနေနဲ့ကတော့ တော်တော်ကို ဒီဥပဒေနှင့်ပတ်သက်ပြီး သူတို့ရဲ့အသံတွေကို အခု အကျဉ်းထောင်က လွတ်လာတဲ့ အခါမှာ ပြန်လည်ပြီးတော့ ဖော်ပြတာရှိပါတယ်။ အဲဒီထဲက Weekly Eleven မှာ ၁၄-၁၁-၂၀၁၂ က Blogger လေးတစ်ယောက်က သူရဲ့ခံစားမှုကို တင်ပြခဲ့ပါတယ်။ ပြုလုပ်မှုတစ်ရပ်ဆိုတာဘာလဲ။ ထိခိုက်ခြင်း၊ မထိခိုက်ခြင်းဆိုတာ ဘယ်သူက သတ်မှတ်မှာလဲ။ ဘယ်သူက ဆုံးဖြတ်မှာလဲ။ E-mail Address တစ်ခုရှိရုံနဲ့ အဲဒီပုဒ်မအတတ်ခံရတဲ့ သူတွေရှိတယ် ဆိုပြီးတော့ ထောင်ဒဏ် ၁၅ နှစ်ကျခံခဲ့ရတဲ့ သူရဲ့အနေအထားကနေ ဒီဥပဒေကို မေးခွန်းထုတ်ခဲ့ပါတယ်။ အဲဒီလိုပဲ ကျွန်တော့်ဆီရောက်နေတဲ့ သာယာဝတီထောင်မှာရောက်နေတဲ့ ထောင်ဒဏ်တစ်သက်ကျခံနေရတဲ့ တပ်မတော်သား(အငြိမ်းစား) တပ်မတော်မှာ စစ်မှုထမ်းကောင်းတံဆိပ်အထိရခဲ့တာပါ။ ပညာအရည်အချင်းပြောရရင်လည်း ဘွဲ့တွေ၊ ဒီဂရီတွေ၊ ဒီပလိုမာတွေ အများကြီးရခဲ့တာပါ။ သို့သော် ဒီဥပဒေရဲ့ တိကျရေရာခိုင်မာမှုမရှိတဲ့အချက်နဲ့ ယနေ့ သာယာဝတီထောင်မှာ အကျဉ်းခံနေရတာ ရှိပါတယ်။ အဲဒီလိုထဲမှာ အရပ်သားတင်မဟုတ်ပါဘူး။ တပ်မတော်သားအရာရှိတွေလည်း အငြိမ်းစားတွေလည်း ဒီဥပဒေနဲ့ ပြစ်ဒဏ်ပေးခံနေရတာတွေရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်က ဒီဥပဒေကို ကျွန်တော်တို့ လူ့အခွင့်အရေး ရှုထောင့်ကလည်း ကြည့်ဖို့လိုပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ နည်းပညာနဲ့ပတ်သက်ရင် အင်မတန်မှ အားနည်းတဲ့ပုဂ္ဂိုလ်ပါ။ ဒါကြောင့် နည်းပညာဆိုင်ရာမှာ ကျွန်တော်တင်ပြချက်သည် ချို့ယွင်းချက်ပါရင်လည်း ကျွန်တော့်ကို ခွင့်ပြုစေချင်ပါတယ်။ သို့သော် အီလက်ထရောနစ်ဥပဒေကို ကျွန်တော် ခုနက အခြေခံဥပဒေထောင့်ကပြောပြီးပြီ။ ဒီဥပဒေရဲ့ ပြင်းထန်တဲ့ပြဋ္ဌာန်းချက်ကြောင့် ခံရတဲ့လူတွေအတွက်လည်း ပြောပြီးပြီ။ ကျွန်တော်တို့လိုချင်တာက ဒီနေ့ကာလမှာ ပြည်သူတွေကို အကာအကွယ်ပေးတဲ့ ဥပဒေတွေလိုအပ်ပါတယ်။ တစ်ကြိမ်တည်းမှာ အကြမ်းဖက်သမားတွေ နိုင်ငံတကာ ရာဇဝတ်မှု ကျူးလွန်နေတဲ့သူတွေကို အမျိုးသားလုံခြုံရေးအရ ကျွန်တော်တို့ ထိန်းချုပ်ဟန့်တားရပါတယ်။

သို့သော် အဲဒီအချက်အလက်ကို အကြောင်းပြုပြီးတော့ ဒီအခြေခံဥပဒေအရပေးထားတဲ့ လူ့အခွင့်အရေးများကို မထိပါးစေချင်ပါဘူး။ ဒါကြောင့် အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေနှင့် ပတ်သက်ရင် ရှင်းလင်းပြတ်သားတဲ့ ဥပဒေဖြစ်စေချင်ပါတယ်။ ဥပဒေကို ပြည်သူလူထုအတွက် ခေတ်မီတဲ့ ဥပဒေတစ်ရပ်ဖြစ်စေချင်ပါတယ်။ ဒီဥပဒေကြောင့် ပေါ်ပေါက်လာတဲ့ ပြဿနာတွေကို ဥပဒေအသစ်ပြန်ပြီးတော့ ဆွဲခြင်းဖြင့် ဖြည့်ဆည်းစေချင်ပါတယ်။ အဲဒီတော့ ကျွန်တော်ကတော့ အခုအချိန်မှာ သတင်းစာထဲမှာလည်းပါပြီးဖြစ်ပါတယ်။ ဆက်သွယ်ရေးဝန်ကြီးဌာနက ဆက်သွယ်ရေးဥပဒေကို ပေးပို့လာပါတယ်။ အဲဒီတော့ ပုဒ်မတွေကြည့်လိုက်ရင် အီလက်ထရောနစ်ဥပဒေမှာ ပြဋ္ဌာန်းတဲ့ ပုဒ်မ ၃၃ ခုနက ကျွန်တော်ပြောတဲ့ အင်မတန်မှ ကြီးလေးတဲ့ပြဋ္ဌာန်းချက်ပါ။ ဆက်သွယ်ရေးဥပဒေမှာလည်း ထပ်မံပြဋ္ဌာန်းထားပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ဒါဟာ ဥပဒေသမားတစ်ယောက်အနေနဲ့ ကျွန်တော်ခံယူတဲ့အချက်ကတော့ ဥပဒေတွေများလွန်းခြင်းသည် မကောင်းပါဘူး။ တူတဲ့ဥပဒေတွေကို တူညီစွာစုစည်းပြီးတော့ ကျစ်ကျစ်လျစ်လျစ်ပြဋ္ဌာန်းခြင်းဟာ နိုင်ငံသားတွေအတွက် ပိုပြီးတော့ အကျိုးရှိပါတယ်။ ဒါကြောင့် ကျွန်တော်ကတော့ ဆက်သွယ်ရေးဥပဒေနဲ့ အီလက်ထရောနစ်ဥပဒေကို ဘယ်လိုပေါင်းစပ်လို့ရမလဲ။ ပေါင်းစပ်လို့ရမယ်ဆိုရင်တော့ ဒီလို ဥပဒေမျိုးတွေကို တတ်နိုင်သမျှ ပေါင်းစပ်ကျင့်သုံးစေချင်ပါတယ်။ သို့သော် ကျွန်တော် ပညာရှင်မဟုတ်တဲ့အတွက် ဒါ ပညာရှင်တွေရဲ့အမြင်ကို ကျွန်တော်တို့က လေးလေးစားစား နားထောင်ရမှာပါပဲ။ လေးစားရသောဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ ကျွန်တော်ဒီမှာတင်ပြချင်တဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ ဒီဥပဒေကြီး၏ ဥပဒေရဲ့ မူလပြဋ္ဌာန်းတဲ့ရည်ရွယ်ချက်နဲ့ ပြဋ္ဌာန်းချက်များကွဲလွဲနေတယ်လို့ ကျွန်တော် ယုံကြည်တယ်။

နောက်တစ်ချက်က ဒီလိုပြဋ္ဌာန်းချက်ကြောင့်လည်း ကျွန်တော်တို့ အခြေခံဥပဒေတင်မကပါဘူး။ ဒီနေ့ လူ့အခွင့်အရေး၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း ၁၉ ဒါက ကျွန်တော်တို့ နိုင်ငံကိုယ်တိုင် ကုလသမဂ္ဂမှာလက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီတော့ အပိုဒ် ၁၉ မှာ လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာဖွင့်ဟဖော်ပြနိုင်ခွင့်ရှိသည်။ အဆိုပါ အခွင့်အရေးများနှင့် အနှောင့်အယှက်မရှိ လွတ်လပ်စွာထင်မြင်ယူဆနိုင်ခွင့်ပါဝင်သည့်အပြင် နိုင်ငံ့နယ်နိမိတ်များကို ထောက်ထားရန်မလိုဘဲ သတင်းအကြောင်းအရာနှင့် သဘောတရားများကို တစ်နည်းနည်းဖြင့် လွတ်လပ်စွာ ရှာယူဆည်းပူးနိုင်ခွင့်၊ လက်ခံနိုင်ခွင့်နှင့် ဝေငှဖြန့်ချိခွင့်တို့ ပါဝင်သည်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ် ၁၉ ပါပြဋ္ဌာန်းချက်က အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်

ဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြည်တွင်းဥပဒေကဲ့သို့ စည်းနှောင်မှုဒီဂရီအလျှော့အတင်း ရှိချင်ရှိပါမယ်။ သို့သော် ကျွန်တော်တို့ကိုယ်တိုင် သဘောတူတဲ့အတွက် ဒီစည်းနှောင်မှုကိုလည်း တစ်စုံတစ်ရာ စည်းနှောင်မှုမရှိတဲ့အတွက် ကျွန်တော်တို့ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတိုင်း၊ ဥပဒေတိုင်းမှာ အထူးသဖြင့် အခုလို ဆက်သွယ်ရေးဥပဒေ၊ အီလက်ထရောနစ်ဥပဒေတို့မှာ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၉ ရဲ့အပေါ်မှာ လက်မှတ်ထိုးခဲ့တဲ့အနေအထားကိုလည်း ရပ်တည်ချက်ကိုပဲ ကျွန်တော်တို့ အလေး အနက်ထည့်သွင်းစဉ်းစားပြီးတော့ ဥပဒေတိုင်း၊ ဥပဒေတိုင်း ပြဋ္ဌာန်းထားတဲ့အခါတိုင်းမှာ လူ့အခွင့် အရေးနဲ့လည်း ကျွန်တော်တို့ ဆက်စပ်ထားဖို့လိုပါတယ်။ အဲဒီတော့ ချုပ်ပြီးတော့ ကျွန်တော် ဒီအဆိုနဲ့ ပတ်သက်ပြီး တင်ပြရရင် အမျိုးသားလုံခြုံရေးရှုထောင့်ကို ကျွန်တော်တို့ နားလည်ပါတယ်။ လက်ခံ ပါတယ်။ သို့သော် တစ်ကြိမ်တည်းမှာ လူ့အခွင့်အရေးနဲ့ ဥပဒေတစ်ခုအား မိမိမူလရည်ရွယ်ချက်နဲ့ ပြဋ္ဌာန်းချက်များ ကွဲလွဲနေတယ်။ ပြဋ္ဌာန်းချက်များ မသဲကွဲဘူး။ စကားလုံးမတိကျဘူး။ ဥပဒေကို နိုင်ငံရေးရည်မှန်းချက်နဲ့ အသုံးချနိုင်တဲ့ပြဋ္ဌာန်းချက်မျိုးဖြစ်ရင်တော့ ဒီဥပဒေများကို ပြန်လည်ရုပ်သိမ်း ပြီးတော့ အသစ်ဆွဲသင့်ပါတယ်။ ဒါကြောင့် ၂၀၀၄ ခုနှစ် အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေကို ပြန်လည်ရုပ်သိမ်းပေးဖို့ ဥပဒေကြမ်းအဆိုတင်သွင်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်တင်သွင်းသွားတဲ့ ဥပဒေကြမ်းအဆိုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသောင်းတင် ဖြစ်ပါတယ် ခင်ဗျား။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းသည့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့်၏ ဆွေးနွေးချက်များမှာ ခေတ်စနစ်အရ လိုက်လျောညီထွေမှုရှိပြီး

လျော့ကန်သင့်မြတ်ပါကြောင်း တွေ့ရှိရပါတယ်ခင်ဗျား။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ၂၀၀၄ ခုနှစ်၊ ဧပြီလ ၃၀ ရက် နေ့မှာ ဥပဒေအမှတ် (၅/၂၀၀၄) အဖြစ် ထုတ်ပြန်ခဲ့ပြီး ဥပဒေတွင် အခန်း ၁၃ ခန်း၊ ပုဒ်မ ၅၂ ခုတို့ ပါဝင်ပါတယ်။ အဓိကရည်ရွယ်ချက်များမှာ အီလက်ထရောနစ်နည်းဖြင့် အင်တာနက်ကိုအသုံးပြု၍ ကုန်သွယ်မှုပြုလုပ်ခြင်း၊ e-commerce, e-government, On-line Banking စနစ်များ ဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ လူချင်းမြင်တွေ့ဆက်ဆံခြင်းမဟုတ်ဘဲ ဆက်သွယ်ရာတွင် ယုံကြည်စိတ်ချရမှုအတွက် ဖြည့်ဆည်းပေးရန် ဖြစ်ပါတယ်ခင်ဗျား။ ဥပဒေတွင် အဓိကအားဖြင့် နည်းပညာပိုင်းပြဋ္ဌာန်းချက်များဖြစ်သည့် အီလက်ထရောနစ်နည်းလမ်းဖြင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ယုံကြည်စိတ်ချမှုရှိစေရန်အတွက် သက်သေခံလက်မှတ်ထုတ်ပေးသည့်စနစ် (Certification Authority System) အတွက် ပြဋ္ဌာန်းချက်များနှင့် အီလက်ထရောနစ် ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ ကျူးလွန်သည့်ပြစ်မှုများနှင့် ပြဋ္ဌာန်းချက်များဟူ၍ နှစ်ပိုင်းပါဝင်ရေးဆွဲထားပါတယ်။ ဥပဒေ၏ ဒုတိယပိုင်းတွင်ပါရှိသည့် ဖော်ပြပါ ပြစ်မှုနှင့် ပြစ်ဒဏ်များ အခန်း(၁၂)တွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များမှာ နိုင်ငံတော်လုံခြုံရေး သတင်းအချက်အလက်နည်းပညာကို အသုံးပြုပြီး ကျူးလွန်သည့်ပြစ်မှုများမှ ကာကွယ်တားဆီးနိုင်ရေးတို့အတွက် အဓိကထားရေးဆွဲခဲ့ခြင်းဖြစ်သည့်အတွက် ယနေ့ သတင်းအချက်အလက်အား ပိုမို၍ ပွင့်လင်းစွာစီးဆင်းစေခြင်း (Free Flow of Information) နှင့်လွတ်လပ်စွာ ပြောဆိုခွင့် (Freedom of Speech) တို့၏ ရှုထောင့်များမှ ကြည့်ရှုပါက ပြင်ဆင်ပယ်ဖျက်ရန် လိုအပ်သည့် ပြဋ္ဌာန်းချက်များ ပါဝင်နေပါတယ်။ သို့ရာတွင် ဥပဒေ၏ အခန်း (၄) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဗဟိုအဖွဲ့ဖွဲ့စည်းခြင်းနှင့် ၎င်း၏ လုပ်ငန်းတာဝန်များ၊ အခန်း(၅) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ကြီးကြပ်မှုအဖွဲ့ဖွဲ့စည်းခြင်းနှင့် ၎င်း၏ လုပ်ငန်းတာဝန်များ၊ အခန်း(၆) သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ၊ အခန်း(၇) ငှားရမ်းသုံးစွဲသူ၊ အခန်း(၈) အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ် အချက်အလက်သတင်းလွှာနှင့် အီလက်ထရောနစ် ထိုးမြဲလက်မှတ်များ၊ အခန်း(၉) အီလက်ထရောနစ် နည်းပညာဖြင့်ပြုလုပ်သည့် ပဋိညာဉ်တို့သည် အီလက်ထရောနစ်နည်းဖြင့် ဆက်သွယ်ဆောင်ရွက်ရေးအတွက် လုံခြုံမှုနှင့် ယုံကြည်စိတ်ချရမှုတည်ဆောက်ရာတွင် လိုအပ်သည့် သက်သေခံလက်မှတ်ထုတ်ပေးသည့်စနစ် (Certification Authority System) အတွက် မရှိမဖြစ်အရေးပါသည့် နည်းပညာပိုင်းဆိုင်ရာ ပြဋ္ဌာန်းချက်များဖြစ်ပါတယ်။ ပြင်ပတွင် လူတစ်ဦးအား မှတ်ပုံတင်တစ်ခုထုတ်ပေးထားသကဲ့သို့ Internet Online တွင် မမြင်ရသော သုံးစွဲသူတစ်ဦးအား

ယုံကြည်စိတ်ချစွာဆက်ဆံနိုင်ရန် ဒီဂျစ်တယ်မှတ်ပုံတင်ထုတ်ပေးသကဲ့သို့ ဖြစ်ပါတယ်ခင်ဗျား။ သက်သေခံလက်မှတ်ထုတ်ပေးသည့်စနစ် (Certification Authority System) သည် မြန်မာနိုင်ငံတွင်သာမက အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံတစ်ဝန်းတွင်ပါ တွင်ကျယ်စွာ အသုံးပြုလျက်ရှိပြီး ယင်းပုဒ်မများမှာ နိုင်ငံတကာမှာ Certification Authority များနှင့် ပြည်တွင်းမှ Certification Authority များ အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်ခြင်း (Cross Certification) ပြုခြင်း၊ တိုးတက်နေသည့် ဆက်သွယ်ရေးနည်းပညာပိုင်းတွင် တွင်ကျယ်သည့် အီလက်ထရောနစ်နည်းပညာဖြင့် ပြုလုပ်သည့် ပဋိညာဉ်များ (Electronic/ Online Contracting) တို့အား တရားဝင်အသိအမှတ်ပြုခြင်းတို့အတွက် မရှိမဖြစ်လိုအပ်မည့်ပြဋ္ဌာန်းချက်များ ဖြစ်ပါတယ်။ ယခုအခါ ၂၀၁၅ ခုနှစ် အာဆီယံတွင် AEC (ASEAN Economic Community) ကို ကျွန်တော်တို့ ဦးစားပေးဆောင်ရွက်နေတဲ့အခါမှာ Certification Authority စနစ်မရှိခဲ့လို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ပူးပေါင်းဆောင်ရွက်မှုမှာ အားနည်းပြီး နှောင့်နှေးတယ်လို့ ဖြစ်ပေါ်နိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။ အကယ်၍ ဥပဒေအား ပယ်ဖျက်ဖျက်သိမ်းခဲ့ပါက ဤဥပဒေကို အခြေခံပြီးဖွဲ့စည်းခဲ့သော မူလအရင်းအမြစ်သက်သေခံလက်မှတ်ထုတ်နိုင်ခွင့်ရှိသူ (Root Certification Authority) သည် လည်းကောင်း၊ လိုင်စင်ရယူပြီး ဆောင်နေသည့် (Certification Authority) တို့သည် လည်းကောင်း ဥပဒေပိုင်းအရ အထောက်အကူ (Legal Foundation) မရှိတော့သည့်အတွက် ပယ်ဖျက်သွားရမည် ဖြစ်ပြီး နိုင်ငံတကာမှ CA များနှင့် Cross Certification ပြုလုပ်နိုင်မည်မဟုတ်ဘဲ ပြည်တွင်းပြည်ပ e-Commerce, Mobile-Commerce လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြန့်ကြာရပ်တန့်မှုများ ဖြစ်ပေါ်လာနိုင်ပါတယ်။ ထို့အပြင် အာဆီယံနှင့်ဆက်သွယ်ဆောင်ရွက်နေသော AEC ကိစ္စများတွင် မြန်မာနိုင်ငံ၏ ပါဝင်ဆောင်ရွက်မှုမှာ ကျွန်တော်တို့ နှောင့်နှေးသွားနိုင်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၏ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေအား ရုပ်သိမ်းပေးရန် တင်ပြချက်နှင့်စပ်လျဉ်းပြီး ခေတ်စနစ်နှင့် ပိုမိုလျော်ညီပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်သည့် e-Commerce ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်သည့် ထူးချွန်ထက်မြက်သော မြန်မာ IT လူငယ်များ၏ တီထွင်မှုစွမ်းအားကို ထုတ်ဖော်နိုင်ရန် အားပေးသည့် ဥပဒေတစ်ရပ်ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ IT ပညာရှင်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတိုင်ပင်ပြီး နိုင်ငံတကာမှ ဥပဒေနှင့် IT ပညာရှင်များ၏ အကူအညီကိုရယူကာ အသစ်ရေးဆွဲရန် သင့်လျော်ကြောင်း တွေ့ရှိရပါတယ်ခင်ဗျား။ အဆိုပါ

e-Commerce ဥပဒေသစ် မပေါ်ပေါက်မီကာလအတွင်း အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေတွင်ပါဝင်သည့် အခန်း (၁၂) ပြစ်မှုနှင့်ပြစ်ဒဏ်များအပိုင်းတွင် ပါဝင်သည့်ပြဋ္ဌာန်းချက်များကို လိုအပ်ပါက ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ရေးဆွဲခြင်းတို့သာ ပြုလုပ်သင့်သေးပြီး ဥပဒေအသစ်အတည်ပြုပြဋ္ဌာန်းပြီးမှသာ ယခုဥပဒေတစ်ခုလုံးကို ရုပ်သိမ်းခြင်းပြုသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်ရဲ့ သဘောထားသိလိုပါတယ်။

**ဦးသိန်းညွန့်(သယ်ံန်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယဝန်ကြီး တင်ပြတဲ့အချက်များသည် လက်တွေ့အခြေအနေနှင့် ကိုက်ညီပါတယ်။ ဥပဒေအသစ်ဆွဲဖို့ကို ဒုတိယဝန်ကြီးရှင်းလင်းတင်ပြတာကြားရတဲ့အတွက် ကျွန်တော် ကျေနပ်ပါတယ်။ နောက်တစ်ချက်က လက်ရှိ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေ အခန်း(၁၂) ပြစ်မှုနှင့်ပြစ်ဒဏ်များဟာ အခုအခြေအနေနှင့် ဘယ်လိုမှမကိုက်ညီဘူး။ ပြင်ဆင်သင့်တယ်ဆိုတဲ့ ဒုတိယဝန်ကြီးရဲ့ သဘောထားကလည်း ကျွန်တော်တို့ နိုင်ငံသားတွေအတွက် အကာအကွယ်ပေးတဲ့အချက်ဖြစ်တဲ့အတွက် ကျွန်တော်ကြိုဆိုပါတယ်။ ဒါကြောင့် ကျွန်တော်ရဲ့အဆိုကို ပြည်သူ့လွှတ်တော်က မှတ်တမ်းတင်ပေးထားပြီးတော့ ဥပဒေသစ်ထွက်ပေါ်လာတဲ့ကာလမှာ ကျွန်တော်တို့ အခုဆွေးနွေးချက်များကိုပါ ထည့်သွင်းစဉ်းစားသုံးသပ်ပေးဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့်ပြည်သူ့လွှတ်တော်ကို ကျွန်တော် လေးလေးစားစားတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းညွန့် တင်သွင်းတဲ့ ဥပဒေကြမ်းအဆိုနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာပြည်ထောင်စု ဒုတိယဝန်ကြီးက ရှင်းလင်းဖော်ပြသွားပါတယ်။ ဒီအပေါ်မှာ မူတည်ပြီးတော့ ဦးသိန်းညွန့်အနေနဲ့လည်း ဒုတိယဝန်ကြီးရဲ့ ရှင်းလင်းချက်များဟာ ခေတ်စနစ်နှင့် လျော်ညီပြီး ကျိုးကြောင်းညီညွတ်မှုရှိတဲ့အတွက် လက်ခံကြောင်းနှင့် လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိဖို့ ပြန်လည်တင်ပြသွားပါတယ်။ ဒါကြောင့် သယ်ံန်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်သွင်းတဲ့ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လွှတ်တော်မှလက်ခံဆွေးနွေးရန် မရှိကြောင်းနှင့် လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ဆောင်ရွက်မှုကို စောင့်ကြည့်ကူညီပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြကြေညာပါတယ်။ (သြဘာသံများ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးရဲ့ ဒသမနေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၂း၁၅ နာရီအချိန် တွင် ရပ်နားပါသည်။]